လောကနန္ဒကထာ

## သင်္ခါရမှ အလွတ်နေလိုသူများသို့

ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေး႒ာနသော

တီထွင်ရှင်တို့ လက်မှလည်းကောင်း၊

၎င်းတို့ လက်ဝေခံ မနော–ဝစီ–ကာယ သုံး႒ာနသော

အခိုင်းစေတို့ လက်မှလည်းကောင်း၊

ဝေဒနာမဖြစ် သညာမလုစ်သဖြင့် သုခစစ်စစ်ဖြစ်ရာ

ဤချိန်ခါတွင်ကား...၊

ကိလေသာ ဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တို့မှ

အလွတ်လည်းဖြစ်နေပြီ။

ဤကား သင်္ခါရဝိမုတ္တိကထာ၏ ဆိုလိုချက်များတည်း။

သင်္ခါရမှ အလွတ်နေလိုသူများသို့ ■ မဟာဗောဓိမြိုင်ဆရာတော် ကျမ်းစာအမှတ်(၁၇) အတွဲ -၃/၃

ကျမ်းစာအမှတ်(၁၇)
အတွဲ -၃/၃

အနန္တကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

## ဝနဝါသီဥဒေယျဇမ္ဗူသာမိထေရ်

ရေးသားစီရင်တော်မူသည့်



# သင်္ခါရမှ အလွတ်နေလိုသူများသို့

( သင်္ခါရဝိမုတ္တိ ကထာ )

သာသနာ - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၃

KoKo Latt(ShweMahar) ဗိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။

**နမော တဿ ဗုဒ္ဓ ဝိရုဋ္ဌ**

(လေခက္ခန္ဓကထာ)

**ကျမ်းစာအမှတ်- ၁၇၊ အတွဲ-၃/၃**

**အနန္တကျေးဇူးတော်ရှင်**

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

**ဝနဝါသီဥဒေ ယျဓမ္မသာမိထေရ်**

**ရေးသားစီရင်အပ်သော**

# သင်္ခါရမှ အလွတ်နေလိုသူများသို့

## ( သင်္ခါရဝိမုတ္တိကထာ )

"ကျမ်းဖွဲ့စည်းမှု စာပေါင်းစု"

* ဂန္ထဝင်မင်း ကျမ်းစာရင်း
အလျှင်းမပါသည့် ။

* လောကခန်းဝါ ဓမ္မတာ
သူငါများစွာ၏ ။

* တစ်ခုမဟုတ် တစ်ခုဟုတ်
ဇာတ်ထုတ်ဇာတ်လမ်းရှိ ။

* မကောင်းပုံမှီး ကောင်းပုံမှီး
စုစည်းသည်မှာရှိ ။

* သုတများလို ဉာဏ်ပွားလို
ဤကို ဖတ်မှတ်ကြည့် ။

မဟာဗောဓိမြိုင်ဆရာတော်

## မာတိကာ


- သင်္ခါရမှအလွတ်နေလိုသူများသို့ ၁
- ပြင်ဆင်နေရခြင်းသည် ပျက်စီးနေခြင်းကြောင့်ပင် ၄
- စိတ်ဖြစ်လေဖြင့် ကိုယ်ကိုပြုပြင်ပေးနေကြရခြင်း ၇
- ဝင်လေသည် ပဿာသ အာဏ ဆိုသော်လည်း ၁၂
- သက်မဲ့လေယာဉ်ကြီး ကောင်းကင်တက်
ဝဲနေခြင်းသည် လေအားကြောင့် ၂၀
- ကိုယ်ရေးကိုယ်တာကိစ္စ အတွင်းက အမြင်နှင့်
ပြင်ပအမြင် ၂၄
- ကံဆက်ကိုဖျက်၍ ကံပျက်ကို ဆက်ကာဆက်ကာ
ရှေ့သို့တိုးလာနေခြင်းများ ၂၉
- နှုတ်ထွက်စကားလုံးမှန်သမျှ ဝိတက်နှင့် ဝိစာရ ၃၇
- ပစ္စုပ္ပန်နှုတ်ထွက်စကားနှင့်အတိတ်ကံ စိတ်အထား ၄၀
- စိတ်၏ကြံရည်ဖန်ရည်မှန်သမျှ ဝေဒနာသညာကြောင့် ၄၅
- လောကကြီးကို ဖန်ဆင်းနေသူသည် စိတ် ၄၉
- လူဆိုးကြီးသုံးယောက်ကြားမှ ကစားသမားများ ၅၄
- အပြုခံဘဝ မှ လွတ်လိုသူများသို့ ၆၃
- သတိ အသိ ဖဝါးနှစ်ဖက်မိမှသာ ၆၆
- လွတ်လိုသူများအတွက် ထွက်လက်မှတ်များ ၇၃
- သင်္ခါရတွေ လက်လွှတ်လိုက်ကြစို့ ၇၆
- သူတို့အလုပ်ဖြစ်နေကြပြီ ကြည့် ကြည့် ၈၂
- ငြိမ်းချမ်းရာမြေ အပူမရှိ ဆူမရှိ ၈၇
- ရုပ်၊နာမ် မချုပ်သမျှ မနောအလုပ်က
ပြီးစီးလိမ့်မည် မဟုတ် ၉၀
- ကျမ်းပေါင်းအားလုံး ကမ္ပတ်ဖုံး နိဂုံးချုပ်လိုက်ပြီ ၉၄

## သင်္ခါရမှ အလွတ်နေလိုသူများသို့
## သင်္ခါရ ဝိမုတ္တိကထာ

**သင်္ခါရံ မာရာဘိဇယံ၊ နိဗ္ဗာနံ သမ္မ ဒက္ခာတံ**
**ယံ ဗုဒ္ဓံ သရ မာစလံ၊ တံတိ ဝန္ဒာမိ အာဒရံ။**
**ဝန္ဒိတွာနစ ဟိ တတ္ထံ၊ ဝိနေယျာနံ သမ္မသနေ**
**သင်္ခါရေ စတုဠာနေဝါ၊ တယောဠာနေ ဣဒမိမေ**
**ကသောမိ မုတ္တ သင်္ခါရံ၊ ပသောဟိ ပုဗ္ဗစာရိကံ။ ။**

**ယော ဗုဒ္ဓေါ** - အကြင် ဘုရားရှင်သည်၊
**ယံ မာရ သင်္ခါရံ** - အကြင် အဘိ သင်္ခါရ မာန်ကို၊
**အဘိဇယံ** - အောင်ကြီး အောင်ခဲ့လေပြီ။



**နိဗ္ဗာနံ ပိ** - သင်္ခါရလွတ်ကြောင်း နိဗ္ဗာန်ဟူသော လမ်းကောင်းကြီးကိုလည်း၊
**သမ္မ ဒက္ခာတံ** - ကောင်းစွာဟောကြား လမ်းကြောများ ပြထားပြီးချေပြီ။
**တံ** - သင်္ခါရ လမ်းကိုပိတ်၍ ထိုနိဗ္ဗာန်ဆိပ်ကမ်းသို့ လမ်းပြနေသော၊
**တံ ဗုဒ္ဓံ** - သိစရာ ရှိသမျှ သစ္စာ လှစ်ကာ မွှေနှောက် ထိုးဖောက်သိ သိသော ထိုဘုရားကို၊
**အဟံ** - ငါသည်၊
**အာဒရံ** - ရိုသေစွာ၊
**အစလံ** - မတုန်မလှုပ်၊
**သရံ** - အောက်မေ့လျက်က၊
**ဝန္ဒာမိ** - စိတ်စဉ်မပြတ် မနောခေတ်ဖြင့် ချဉ်းကပ်ရိုကျိုး ရှိခိုးပါ၏။
**ဝန္ဒိတွာနစ** - ရှိခိုးပြီးစီးပါသော်ကား၊
**ဝိနေယျာနံ** - ကျွတ်ထိုက်သူတို့အား၊
**ဟိတတ္ထံ** - အကျိုးများစေရန် အလို့ငှာ၊
**သင်္ခါရေ စတုဠာနေဝါ**- ကံ၊ စိတ်၊ ဥ၊ ဟာ လေးဖြာသော အရာဌ် လည်းကောင်း၊
**သင်္ခါရေ တယော ဠာနေဝါ** - ကိုယ်၊ နှုတ်၊ စိတ်ထား သုံးပါးသောအလားဌ်လည်းကောင်း၊



**ဣဒမိမေ** - ဤအရာ ဤအားလုံးတို့ကို၊
**သမ္မသနေ** - အမှန် သုံးသပ်စေခြင်းဖြင့်၊
**မုတ္တသင်္ခါရံ** - ဆိုခဲ့ပြီး သင်္ခါရများမှ အလွတ်သွားရာဖြစ်သော လမ်းကို၊
**အဟံ** - ငါသည်၊
**ကသောမိ** - ရေးသားတီထွင် စီရင်ခဲ့ပါအံ့။
**ဣဒံ ဣမေ** - ဤအရာ ဤအားလုံးတို့ကို၊
**တုမှေ** - သင်တို့သည်၊
**ပုဗ္ဗစာရိကံ** - မသွားမီ ရှေ့ပြေး လေ့လာရေးအဖြစ်ဖြင့်၊
**ပသောဟိ** - မှတ်သားကြည့်ရှု သုတ၊ စိန္တ ဉာဏ်ပြုစုကြပါလေကုန်။

✦

## ပြင်ဆင်နေရခြင်းသည် ပျက်စီးနေခြင်းကြောင့်ပင်

သင်္ခါရဟူသော စကားသည် ပြုပြင်ခြင်းကိုလည်းဆို၏။ စီမံခြင်းကိုလည်း ဆို၏။ ကြောင့်ကြစိုက်ထုတ် အလုပ်လုပ်ခြင်းများကိုလည်း ဆို၏။

ထိုတွင် . . . ပြုပြင်ခြင်းဆိုက ဟောင်းပျက်ကို အသက်ဆက်ပေးနေကြရခြင်းတည်း။ စီမံခြင်းဆိုက အသစ်တစ်ခုတည်ဖန်မှု၌ အားသစ်နေကြခြင်းတည်း။ ပြုလုပ်ခြင်းဆိုက အဟောင်းရော အသစ်ပါ အပျက်ကိုလည်း အဖြစ်၊ အဖြစ်ကိုလည်း အဖြစ်မှအဖြစ်သို့ တွန်းပို့နေကြရခြင်းတည်း။

ထိုအားလုံးကို ပေါင်းရုန်းဝေဖန်ရသော် . . . သင်္ခါရဟူသော အသံကို ကြားလိုက်ရလျှင်ပင် ပြုပြင်မှု မကင်းသော လောကကြီး၊ အပြုပြင်ခံလောကကြီး၊ ပျက်ပြီးရင်းပျက်၊အပျက်



မှ အပျက်ဆက်နေသော လောကကြီး၊ ထိုလောကကြီးတွင်းနေသူတို့၏ တာဝန်ဝတ္တရားများဟူ၍ သဘောပေါက်ကြရမည်။

လူသားတိုင်း ပျက်၍ပြင်ပေးနေရပါသည်ကိုပင် အကောင်းထင်နေကြ၏။ ဆာလောင်၍ အစာသွင်းပေးနေရခြင်း၊ ပူအိုက်လွန်းလှ၍ ရေချိုးပေး ယပ်လေခတ်ပေးနေရခြင်းများ၌ ထင်ရှားနေချေပြီ။

လူသားတိုင်း ပြင်လျက်က ပျက်သွားပါသည်ကို အရသာထင်နေကြ၏။ သွေးပွက်၍ လူချင်းဆက်ပေးနေရခြင်း၊ စိတ်ညစ်၍ အရက်သောက်ပေးရခြင်း၊ စိတ်မောသွား၍ ပျော်ပွဲသွားပြရခြင်းများ၌ ထင်ရှားနေချေပြီ။

ထိုသင်္ခါရတရားများကား လူလောကတို့အကြား တာစားလျက်ရှိနေပြီ။ အပျက်ဆိုပြင် အသစ်ဆိုထွင် ထိုသင်္ခါရအစီအရင်တွင်း စာရင်းပေးသွင်းထားမိပြီးသော ထိုသတ္တလောကသားတို့၏ လှုပ်ရှားမှု မှန်သမျှတို့သည် ထိုသင်္ခါရ၏အစီအမံကင်း၍ မရစကောင်းပြီ။ ယုတ်စွအဆုံး လက်တစ်ချီတန်း ခြေတစ်ခါယမ်းရာ၌ပင် ထိုသင်္ခါရတို့၏ အစီအမံကား မကင်းချေပြီ။

ထိုသင်္ခါရတို့၏ ပြုစီရင်ခြင်းကို . . .

ခန္ဓာ့ဖြစ်စဉ် အတွင်းမမိ အပြင်မျှသာ ကြည့်ခွင့်ရသမားတို့ အလွန်နှစ်ခြိုက်ကြလေကုန်၏။ သူ့ကိုယ်သို့ ဉာဏ်စိတ် မဝင်ဆံ့သူကိုယ်ကြားထား အာရုံများ၌သာ သွားရောက်ကာ ပျော်ပါး



ခွင့်ရကြသူများလည်း အလွန်နှစ်ခြိုက်ကြလေကုန်၏။ အပျက်မသိလေ မက်ရှိလေ၊ အကြောင်းမသိလေ တောင်းမိလေတည်း။

အကယ်တိတိ . . . ခန္ဓာ့ဖြစ်စဉ် အတွင်းလည်းမိ၊ အပြင်လည်းမိဖြင့် နှစ်ဘက်မိ ကြည့်ခွင့်ရ လူသားများ၊ အာရုံသို့ စိတ်မလိုက် ကိုယ့်ကိုယ်ပေါ်၌သာ စိတ်စိုက်ချထားနိုင်သူများ၊ ထိုသူများအဖို့မှာမူကား . . . ကလေးဘဝတုန်းက အရုပ် အဟုတ်မှတ်၍ ကစားတတ်ခဲ့သော်လည်း၊ လူကြီးဘဝရောက် ထိုအရုပ်ကောက်၍ ကိုင်မကြည့်တော့။ သည်ပမာ၊ အလိမ်ခံရမှန်းသိလာပြီ ဖြစ်သဖြင့် ဇွတ်မနှစ်ချင်ကြတော့ပြီ။ နှစ်ဘက်စလုံးပျက်မှ ကောင်းသောအကောင်း သွေးတောင်း မခံလိုကြတော့ပြီ။

ဤစာစဉ်သည်ကား . . .

သင်္ခါရဝဋ်မှ လွတ်လိုသူများဘက်က ရှေ့နေလိုက်မည်။ မလွတ်လိုသေးသူများ၏ အမှုကိုကား ဤစာစဉ်က လက်ခံစဉ်းစားလိမ့်မည် မဟုတ်ချေ။

ဤ၌ သင်္ခါရ ဝိမုတ္တိကထာ သင်္ခါရတို့ လွတ်မြောက်ရာနှင့်စပ်ဆိုင်သောစကား ဆိုထားသော်လည်း စတုသင်္ခါရဌာနဖြစ်သော ကံသင်္ခါရ၊ စိတ်သင်္ခါရ၊ ဥတုသင်္ခါရ၊ အာဟာရသင်္ခါရတို့မှ လွတ်မြောက်အောင် ရုန်းထွက်ရပုံများကား "သုညသင်္ခါရကထာ" ကျမ်း၌ ဖွင့်ဆိုခဲ့ပြီး ဖြစ်နေသဖြင့် ဤ၌ကား ကာယသင်္ခါရ၊ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟူသော တယောသင်္ခါရ ဌာနများ

လောက်သာ ဖွင့်ဆိုခွင့်ရှိတော့မည်။ ထိုမျှဆိုလျှင်ပင် သံသရာ လက်ငုတ် ဖျက်နုတ်နိုင်တော့သည်သာ။

ဘုရားတရားတော်သည် တစ်ခါဆွတ် တစ်ပြွတ်လုံးပါ၊ တစ်ခါချိုင် တစ်ခိုင်လုံးပါမြဲချည်းဖြစ်ရာ ထိုသုံးဌာနလွတ် အားလုံး မှလည်း လွတ်ပြီးဖြစ်နေသောကြောင့်တည်း။

✦

## စိတ်ဖြစ်လေဖြင့် ကိုယ်ကိုပြုပြင်ပေးနေကြရခြင်း

အဿာသ ပဿာသ အမည်ရ ထွက်သက် ဝင်သက် လေ နှစ်မျိုးသည် စိတ္တဇရုပ်သက်သက် (ဧကဇရုပ်)ဖြစ်ရာ ထိုလေများ ဖြင့်ပင် ကိုယ်ခန္ဓာ အသက်ငင်ကြရသည်။

သတ္တဝါတိုင်း . . . ဝမ်းလွယ်မွေးဖြစ်က မိခင်ဝမ်းဗိုက်က ကျွတ်သည်နှင့်ထွက်လေတစ်ချက် ဦးစွာအလျင် မှုတ်ထုတ်၏။ ပြီးမှ အဝင်ကို ရှူ၏။ ထိုမှစ,ကာ မသေမီအတွင်း ထွက်၊ ဝင်၊ ထွက်၊ ဝင်တို့ အလှည့်ကျ အစီအရီ ကိုယ်ကောင်ကြီးကို ပြုပြင်ပေး နေကြရပြီ။ ထိုလေများ အားကုန်လာသဖြင့် နောက်ဆုံး ထွက်လေ မှုတ်ပြီးနောက် ဝင်လေ ပြန်မရောက်လာတော့လျှင်ကား ထို သတ္တဝါ သေပြီ။ သို့မဟုတ် အသေဆုံးပြီ။ ဥခွံမွေး သတ္တဝါများ



လည်း နည်းတူပင်။

သို့ကြောင့် ထွက်လေသည် ပျက်သော အပျက်တည်း။ ဝင်လေသည် ဖြစ်သော အပျက်တည်း။ သို့မဟုတ် ဝင်လေဖြင့် အသက်ဆက်၍ ထွက်လေဖြင့် အပျက် ဖျက်ခံနေကြရခြင်း။

လူနှင့်တကွသော သတ္တဝါများ၏ ဘဝခေါ်ဖြစ်စဉ်ကြီးကို ကံအစီမံ၊ စိတ်အစီမံ၊ ဥတုအစီမံ၊ အာဟာရအစီမံတို့ဖြင့် ကြပ်မတ် ပေးထားပြီး ဤဝင် ထွက်လေများဖြင့် ပြုပြင်ပေးနေရကြလေရာ ကလေး မှသည် အသက်ဆုံးသည်တိုင်။

မိခင်ဝမ်းမှ ထွက်ခါစ အရွယ်ကို ထွက်လေက ပယ်ထား ခဲ့ရာ ထိုနေရာမှာပင် ဘဝတစ်ခု အရွယ်တစ်ခု ဆုံး၏။ ထိုအခါ ဝင်လေက တစ်ဖန် အရွယ်တစ်မျိုး တိုးဖြစ်စေ၏။ထွက်လေက လည်း နောက်မှလိုက်၍ပင် ထိုအရွယ်တစ်မျိုးကိုလည်း ထိုးလွှတ် လိုက်ပြန်၏။

တစ်ဖန် ဝင်လေကလည်း အားကျမခံ နောက်ထပ်အရွယ် တစ်မျိုး တိုးပြုစီရင်ပြန်၏။ တစ်ဖန် ထွက်လေကလည်း အားကျ မခံ ထိုနောက်အရွယ်တစ်မျိုးကိုလည်း ထိုးချိုးဖျက်ဆီးပစ်လိုက် ပြန်၏။

ထိုနည်းဖြင့်ပင် သတ္တဝါတို့ ကံသတ္တိ အရှိန်မကုန်မချင်း၊ စိတ်၊ ဥတု၊ အာဟာရ၊ သတ္တိတို့ အရှိန်မကုန်မချင်း ထိုဝင်လေ ထွက်လေတို့၏ လက်တွင်း၌ပင် ဖြစ်သမျှပျက်၊ ပျက်သမျှ ဖြစ်



တို့ဖြင့် အရွယ်ဆင့်ဆင့် ရွက်ကုန်ဖွင့်ခဲ့ကြရလေပြီ။

ထိုသို့ ဝင်လေ ထွက်လေတို့က သတ္တဝါတို့ဘဝကို ပြုစီရင် နေကြခြင်းကြောင့်ပင် ၎င်းတို့ကို သတ္တဝါတို့၏ အသက်သခင် အဖြစ် အဿာသ ပဿာသ ထွက်သက် ဝင်သက်ဟူ၍ တင်စား ကြရ၏။

တစ်ဖန် ထိုသို့ သတ္တဝါတို့၏ဘဝ ပြုစီရင်ရာ၌ . . . အဝင် တွင်ဖြစ် အထွက်ပျက်ကိုရည်ကာလည်း ၎င်းတို့ကိုပင် အာဏ အပါဏ(အာနာပါန) ဟူ၍လည်း အမည်တွင်စေရ၏။ အာဏ- တည်ခြင်း၊ အပါဏ-အတည်မဲ့သွားခြင်း။

ယင်းတို့၏ ထိုဘာဝသရုပ်ကို ကြည့်၍ပင် သတ္တဝါတို့၏ ဘဝတစ်ခု အရွယ်တစ်ရွယ်သည် ဝင်လေဝင်ဆဲ ကာလတိုလေး အတွင်း၌သာ အသက်ရှင်ကြရပြီး အထွက်ရောက်သည်နှင့် ဘဝတစ်ခုဆုံး၍ အရွယ်တစ်ခုလည်း ပျက်ကျသွားသည်ချည်းကို သိခွင့်ရကြပြီ။ သို့ပါလျက် ထွက်လေနှင့်အတူ ဘဝခရီး အပြီး မသေဆုံးခြင်းကား ဝမ်းတွင်းဝယ် အပိုသိုမှီးထားသော ဝမ်းအောင်းလေ၊ အင်္ဂါကြီးငယ်တို့သို့ လျှောက်သွားနေသောလေ၊ နေရာတစ်ခု၌ လုံးစုနေသောလေ ထိုလေများက နောက်ထပ် ဝင်လေဖြင့် အသစ်မဖြစ်လာသေးမီ အသက်ဆက်ပေးထားကြ သောကြောင့် မဆုံးပါးခြင်းတည်း။

တစ်ဖန်လည်း ဝင်လေ၊ ထွက်လေ၊ ကြားခံလေ ထိုလေတို့

ဖြင့် မလှုပ်သောရုပ် အသက်ဝင်၍ လှုပ်စေခြင်းနှင့်အတူ၊ ဝင်လေတစ်လျှောက်လုံးလည်း ကံပေးရုပ်သက်များ လွင့်စင် ထွက်ကျမသွားစေရန် ထိန်းကျောင်းပေးရကာ လိုရာအရောက် တောက်လျှောက်ပို့ ရုပ်ဇီဝိတိန္ဒြေ(ရုပ်သက်ဖြစ်စဉ်ထိန်း)များကလည်း ဝင်ရောက် ထိန်းသိမ်းပေးထားသေး၏။

ထွက်လေတစ်လျှောက်လုံးလည်း ယင်းကံပေး ရုပ်သက်များ လွင့်စင်ထွက်ကျ ဘေးချော်ကျ မသွားစေရန် ထိုဇီဝိတိန္ဒြေ အသက်ထိန်းများက ထိန်းပေးထား၏။

ထိုနှစ်ရပ်တို့၏ကြားခုလပ်၌လည်း ယင်းတို့ကပင် ထိန်းပေးထားကြ၏။ နာမ် ဇီဝိတိန္ဒြေများကလည်း ရုပ်ဇီဝိတနည်းတူ သက်ထိန်းဖြင့် ရှင်ခွင့်ရကြ၏။ ဤသည်မှာလည်း တစ်ခုဆုံး ဘုံးဘုံးလဲ မကျခြင်း၏ အကြောင်းရင်းတည်း။

လူနှင့်တကွသော သတ္တဝါတို့၏ ထိုအသက်ရှင်မှုသည် ဝင်လေ ထွက်လေ နှစ်ရပ်တို့တွင် ဝင်လေ၌သာ ဘဝတစ်ခု အတည်ပြုရသည် နည်းတူ ထိုဖြစ်စဉ်တစ်ခု၏ ဥပါဒ်-ဌီ-ဘင်ခေါ် ဖြစ်-တည်-ပျက် သုံးချက်တို့တွင်လည်း ဥပါဒ်သည် ဖွား၊ ဌီသည် နေထိုင်ရာ၊ ဘင် သည် သေဆုံးခြင်း ဖြစ်သဖြင့် ဌီခဏဟူသော တည်ခိုက် ခရီးတိုလေးအတွင်း၌သာ အသက်ရှင်ခွင့်ရကြရာ. .

ရုပ်ရှင်မင်းသားတစ်ဦး၏ လက်တစ်လှုပ်သည် ဖလင်ကွက်ပေါင်းများစွာတို့ဖြင့် ဆက်၊ စက်ဖြင့် ဆွဲရစ်ပေးမှသာ အသက်ဝင်



သည်။ ရုပ်ရှင်မင်းသမီးတစ်ဦး၏ ခြေတစ်လှမ်းသည်လည်း ဖလင်ကွက်ပေါင်းများစွာတို့ကို ဆက်ကာ၊ စက်ဖြင့် ဆွဲရစ်ပေးမှသာ အသက်ရှင်လာသည်။

သည့်ပမာလျှင် လူနှင့်သတ္တဝါတို့၏ ပြင်ပအမြင် အသက်ဝင်မှုများသည်လည်း ဝင်လေ ထွက်လေပေါင်း မြောက်မြားစွာ ရှူရှိုက်လျက်ကလည်းကောင်း၊ ဥပါဒ်၊ ဌီ၊ ဘင်ပေါင်း မြောက်မြားစွာ ဆက်လျက်ကလည်းကောင်း။ အတိတ်ပါကံကို ပစ္စုပ္ပန် ရှူလိုခြင်း ရှိုက်လိုခြင်းစိတ်တို့ဖြင့် ရှူခြင်းရှိုက်ခြင်း ပြုလုပ်လျက်ကသာ အသက်ရှင်ခွင့်ရနေကြရရှာသည်။

အကယ်တိတိ ထွက်လေ ထွက်မရအောင် နှာဝနှင့်တကွ လေထွက်တတ်ရာ ဒွါရတို့ကို ပိတ်ဆို့ပေးထားသော်၊ ဝင်လေ ပြန်ဝင်လာခွင့်မရအောင် သူ့ဆိုင်ရာတံခါး ပိတ်ဆို့ပေးထားသော်၊ လေမလှုပ် ရုပ်သက်မဝင်သာသောကြောင့်လည်း အသေဆုံးကြမည်။ လေဟောင်းထဲ လေသစ်မလဲသာသောကြောင့်လည်း အသေဆုံးကြမည်။

ဘူတရုပ်ဖွား ခတ်ကောင်များသည် လေကိုမှီ၍ အသက်ရှင်ခွင့်ရနေကြသည်။ သို့ကြောင့် လေမရှိသောနေရာ ထိုသတ္တဝါများ မဖြစ်ပေါ်နိုင်။

ဘူတရုပ်ဖွား ခတ်ကောင်များသည် အမေကိုမှီ၍ အသက်ရှင်ခဲ့ကြရသည်။ သို့ကြောင့် အမေမရှိသော ဒေသ



ထိုသတ္တဝါများ ဘဝကို မရစေနိုင်။

သက်ရှိနှင့် ကံဝင်စားများကား အမေ အဖေ ဂဟေဆက်၍ အသက်ဖြစ်စေသည်။ သက်မဲ့နှင့် အသစ်ဝင်များကား မြေနှင့်လေ ဂဟေဆက်၍ အသက်ဖြစ်စေသည်။

စင်စစ် ထိုအားလုံးတို့တွင် လေသည်သာ သတ္တဝါတို့၏ သက်ဦးဆံပိုင်တည်း။

**“ကာယခန္ဓာ သက်ဝင်ရာ၊ လေမှာ ထွက်ဝင်ကြောင့်”။**

✦

## ဝင်လေသည် ပဿာသ အာဏ ဆိုသော်လည်း

ဘဝသည် အပျက်ကိုပြင်လျက်က ဆက်တက်လာသော ဖြစ်စဉ်တန်း။ အတိတ်ကံကို ဆက်စပ်ကာ အသုံးပြုခြင်းသည် ဘဝတစ်ဘဝ၏ ဇာတ်ထုပ်။

ကံသည် ပြုလုပ်ခြင်းများကိုလည်း တာဝန်ယူ၏။ ပြုပြင်ခြင်းများကိုလည်း တာဝန်ယူ၏။ ပြုလုပ်ခြင်းများခေါ် တီထွင်ရာတို့၌ စိတ်ကိုရှေ့ထား ကိုယ်ကားနောက်လိုက်ဖြင့် စီမံကြရပြီး၊ ပြုပြင်ခြင်းများခေါ် ဖာထေးဆက်စပ်သုံး သုံးရာတို့၌ကား ကိုယ်၊ နှုတ် ရှေ့ထား စိတ်ကား နောက်နေဖြင့် စီမံဖန်တီးကြရသည်။

ထိုစဉ် အတိတ်က ပြုလုပ်ခဲ့ခြင်းများသည် ယခု ပစ္စုပ္ပန်အတွက် စက်ရုံမှ တီထွင်ထုတ်လုပ်ပေးလိုက်သော ကားတစ်စီးပမာဖြစ်ပြီး ယခု ပစ္စုပ္ပန်၌ ထိုကံပေးဥစ္စာတို့ကို ဆက်စပ်သုံးသုံးနေရခြင်းများကား တစ်ဆင့်ဝယ်ထား အငှားလိုက် ကားသမားပမာတည်း။

တစ်ဖန်လည်း ယခုပစ္စုပ္ပန်ရှိ ပြုဆဲကံများကလည်း နောင်တမလွန်အတွက် စက်ရုံမှ တီထွင်ထုတ်လုပ်နေသော ကားတစ်စီးပမာဖြစ်ပြီး ဤကံများကိုလျှင် နောင်တမလွန်အကျိုး အလှည့်ကျဘဝအဖြစ်၌. . .

(က) ကံထောက်ခံချက်ပါ အစွဲ ဥပါဒါန်တို့ဖြင့် နိုင်ငံခြားကုမ္ပဏီများမှ ဝယ်ယူတင်သွင်းခဲ့ရာအခါ ကားကိုတစ်စစီဖြုတ် ကားပစ္စည်းလုပ်၍ ထုပ်ပိုးသယ်ဆောင်လာခဲ့ရပြီး၊ မိမိ နိုင်ငံပေါ်သို့ရောက်သည်နှင့် ထိုကားပစ္စည်းထုပ် တစ်စစီ အဆက်စပ်လုပ်၍ ကားတစ်စီးဖြစ်စေသည်ပမာ . . .

၁။ ကောင်းကံဖြစ်က ကာမသုဂတိ နတ်အသိလုပ်၍ နတ်ရုပ်၊ လူအသိလုပ်၍ လူရုပ်ဟူသော ခန္ဓာကို ပြုလုပ်စီရင်ပေးကြမည်။

၂။ ဆိုးကံဖြစ်က ကာမဒုဂ္ဂတိ ငရဲအသိလုပ် ငရဲရုပ်၊ တိရစ္ဆာန်အသိလုပ် တိရစ္ဆာန်ရုပ် စသည် ခန္ဓာကို ပြုလုပ်စီရင်ပေးကြမည်။



(ခ) ကံထောက်ခံချက်ရ ဉာဉ်၊ စရိုက်၊ ဝါသနာတို့ဖြင့်ကားထိုဆက်စပ်ပြီး ကားတစ်စီးကို မောင်းရင်းပျက်၊ ပျက်ရင်းပြင်၊ ပြင်ရင်းမောင်း ဟူသော နောင်၏ပစ္စက္ခ ကိုယ်၊ နှုတ်၊ စိတ်ခေါ်ကံနှင့်စိတ်၊ ၎င်းတို့အသုံးပြုသော ဥတုနှင့် အာဟာရ လက်နက်ကိရိယာများဖြင့် ပြုပြင်ပေးကာ ခရီးဆက်ပေဦးတော့မည်။

ထိုသို့ ပြုလုပ်ခြင်းကံနှင့် ပြုပြင်ခြင်းတို့ လူကို ဖန်တီးနေချေရာ . . .

(က) အတိတ်ပြုလုပ်ခြင်းကံ၏ အထက်အနှံ့ လိုက်၍လည်း ဤ၌အသက်တို၊ ရှည် ကွာခြားလာမည်။

(ခ) အတိတ်ပြုလုပ်ခြင်းကံ၏ အတိုအရှည်လိုက်၍လည်း ဤ၌အသက်တို၊ ရှည် ကွာခြားဦးမည်။

ထိုသက်တမ်း အတို၊ အရှည်တို့ကိုလည်း . . .

သရေခေတ္တရာ၏ ရာဇဝင် ထင်၏။ သားတော်သည် ၎င်းအတွက် ဖခင်ထံ သားရေဖျာတစ်ချပ်ကို ယူဆောင်သွားကာ “သားတော်အား ဤသားရေတစ်ချပ်စာလောက် နေရာပေးပါ” တောင်း၏။ ဖခင်ကလည်း ပေး၏။ သားတော်သည် ဖခင်ထံမှ သဘောတူချက်ရသည်နှင့် မိမိနေခွင့်ရနေရာသို့ သွားရောက်ကာ ထိုသားရေကို ရေဖြင့်ဆွတ်နှူးနှူး၊ နူးသည်နှင့် အလွန်ထက်လှသော သင်တုန်းဓားဖြင့် အပ်ချည်မျှင် ပမာဏအထိ ရိတ်ရိတ်လှီး၍ တိုင်းကြိုးအဖြစ်လည်းကောင်း၊ နယ်တားကွင်းအဖြစ်



လည်းကောင်း ဆက်စပ်တိုင်းထွာလိုက်ရာ သရေခေတ္တရာဟူ၍ဖြစ်လာသည်ဟူသော ကြားဖူးနားဝ ရာဇဝင်ပမာ. . .

ဒါနမှုတစ်ခုပြုစဉ်က စေတနာသည် ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်များ၏ တစ်စက္ကန့်လျှင် ရုပ်ဖြစ်စဉ်တန်းကြီးကား ကုဋေခြောက်ထောင်ရှည်တန်း၊ နာမ်ဖြစ်စဉ်တန်းကြီးကား ကုဋေတစ်သိန်းမျှသော အရှည်တန်းများအပေါ် မှီခိုလိုက်ပါလျက် ကပင် ပြုစုစီရင်မှု ခွင့်ရခဲ့သည့်အတိုင်း . . .

ထိုဒါနတန်ခိုး အကျိုးခံစားခွင့်ရရာ ဤဘဝ၌လည်း ထိုတစ်စစီ တစ်စစီသော စေတနာ အရှိန် သတ္တိငယ်ပေါင်းမြောက်မြားစွာတို့ကို ကံအရှိန် မကုန်သေးမချင်း ရုပ်ဖြစ်စဉ်ခေါ် ဘဝအဖြစ်ကို တန်းမတ်စွာ စီတန်းသွားစေခြင်း၊ တစ်ခုပျက်တစ်ခုဆက် ဝင်စေခြင်းဖြင့် ရုပ်သက်တမ်းကို ဖြစ်စေရ၏။ ကံအရှိန်မကုန်သေးမချင်း နာမ်ဖြစ်စဉ်ခေါ် ဘဝအဖြစ်ကို တန်းမတ်စွာ စီတန်းသွားစေခြင်း၊ တစ်ခုပျက်တစ်ခုဆက် ဝင်စေခြင်းများဖြင့် နာမ်သက်တမ်းကို ဖြစ်စေရ၏။

ထိုစဉ် ကံရှိန်ရုပ်သက်ကို ရုပ်ဇီဝိတိန္ဒြေ(ရုပ်သက်ထိန်း)များက ထိန်းကျောင်းပေးရသည်။ ကံရှိန်နာမ်သက်ကို နာမ်ဇီဝိတိန္ဒြေ(နာမ် သက်ထိန်း) များက လိုက်လံကျောင်းပေးရသည်။

ထိုသို့ စီတန်းသွား တစ်ခုပျက် တစ်ခုအစားထိုး ပြုပြင်ရာတွင် . . . ကံပြုစဉ် အတိတ်စေတနာက ထက်နေလျှင်

အကျိုးပေး ကောင်းခေါ် အဆင့်မြင့်လူသား(နတ်သား)ဖြစ်ခွင့်ရပြီး ညံ့နေက လူဖြစ်ရုံမျှသာ။ ကံပြုစဉ် အတိတ်စေတနာများက သန့်နေလျှင် အကျိုးပေးကောင်း အဆင့်မြင့်ကို ခံစားနေစဉ် အနှောင့်အတား ကင်းမည်။ မသန့်က မကင်း။

တစ်ဖန် ကံပြုစဉ်၏ ကြံစည်ဆုံးဖြတ်စဉ် စေတနာသန့် ထက်က အရွယ်သုံးပါးတို့တွင် ပထမအရွယ်၊ မိရိပ်ဖရိပ် ခိုလှုံနေရဆဲကာလမျိုး၌ ကောင်းစားချမ်းသာမည်။ ကံပြုစဉ်၏ ဆောင်ရွက်စွန့်လှူစဉ် စေတနာသန့်ထက်က ဒုတိယအရွယ် ကိုယ့်ဒူးကိုယ်ချွန်ဘဝရောက်လေမှ ကြီးပွားတိုးတက်မည်။ကံပြုစဉ်၏ ပြန်လည်သုံးသပ်စဉ် စေတနာသန့်ထက်ပါက တတိယ နောက်ဆုံးအရွယ် သားရိပ်သမီးရိပ် ပြန်လည်ခိုဝင်ရဆဲ ကာလကျလေမှ အသက်ရှူချောင်ကြမည်။ ယင်းကိုလျှင် ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဆို၏။

ထိုသုံးပါးတို့ အထက်ချင်း အသန့်ချင်း ကွဲလွဲနေပါက ကွဲလွဲသောနေရာတွင် ဤပစ္စက္ခအကျိုးပေး၌လည်း ကွဲလွဲနေမည်သာ ဖြစ်ရာ အချို့ ငယ်ကံကောင်း၍ နောက်ထပ်ဆောင်း အကြောင်းမပြပြီ။ အချို့ ငယ်လတ်ကောင်း၍ နောက်ထပ် ဆောင်း အကြောင်း မပြပြီ။ အချို့ ငယ်မှဆုံးထိ ကောင်းကျိုးမိ ကြောင်းပြည့်သတ္တိပေါ်စေပြီ။ အချို့ ကြီးကံကောင်း သေမှ အလောင်းလှတော့သည်။



ထိုဆိုခဲ့ပြီးတို့ကို သုံးသပ်သော် ပြုစီရင်ခြင်းသည် အဓိက အရေးပါပြီး ပြုပြင်ခြင်းကား အထိန်းမျှ ဆိုသည်ကို မူလကုမ္ပဏီက ထုတ်လုပ်ပေးလိုက်သော ကားတစ်စီး အငှားသမား၌ ကိုယ်ထည် ကြီးကိုလည်း ကိုယ်ထည်သေး ပြန်လည်ပြုပြင်ပေး၍ မရ။ တစ်ဖန် ကိုယ်ထည်သေးကိုလည်း ကိုယ်ထည်ကြီး ပြုပြင်၍ မရ။ ဝယ်စီး မောင်းစား အငှားကားသမား၏ တာဝန်ကား မူလ မပျက် ပြုပြင်ဖာထေးချက်တို့ဖြင့်သာ ဆက်လက်၍ မောင်းနှင် သွားလာရုံ မျှပမာ. . . ။

ဤပစ္စက္ခရောက် အကျိုးခံစားစဉ် မျက်မှောက်ကာလ သည်လည်း အတိတ်ကံပေး မွေးလိုက်လျက်ကပင် ကံပေါက် သော် ဖာ၊ ကံနာသော် နှစ်သိမ့်၊ ကံနိမ့်သော်မြှင့် မူလနှင့် သေသည်အထိ ဆင့် ဆင့်ပေးရုံမျှသာ။

အတိတ်ကံကောင်း ပါလာသူကို စောင်းမှောက်သွားရန် မည်သူကမျှ ခြေမထိုးနိုင်။ အတိတ်ကံကောင်း မဲ့နေသူကို ကောင်းလာစေရန်လည်း မည်သူမျှ ကြားဝင်မပေးနိုင်။

ချက်ချင်းလုပ်ကံက ချက်ချင်းတန်ပြန်၊ ချက်ချင်းပင် အကျိုးပေး သန်စေခြင်းတို့ကား ပထမဇော စေတနာအလွန်ကြီး အင်မတိအင်မတန်ကြီး သန့်ထက်လွန်းလှမှသာ ခံစားခွင့် ရနိုင် ခြင်း၊ စွန့်လှူသောပစ္စည်း ကလည်း မလိမ်မညစ် မကောက်ကျစ် သော ရှာမှီးခြင်းဖြင့် ရရှိထားသော ဓမ္မိယလဒ္ဓပစ္စည်းမျိုး ဖြစ်မှသာ



ခံစားခွင့် ရနိုင်ခြင်း၊ အလှူခံကလည်း ပထမတန်းစား မြေမျိုးပမာ သော သုဒ္ဓိခုနစ်မျိုး (သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ စသည် များ) အစွမ်းကုန်တိုးတက်ပြီးသော ပုဂ္ဂိုလ်မြတ်မျိုး ဖြစ်မှသာ ခံစားခွင့် ရနိုင်ခြင်းများကြောင့် လူတစ်ထောင် တစ်ယောက် မရှိ တတ်။ သို့ကြောင့် ဤ၌ အတိတ်ကံက ပြုစီရင် ပစ္စုပ္ပန်ကံ က ပြုပြင်ဟူသော အများသုံးကိုသာ ဆိုခွင့်ရှိချေတော့သည်။

ထိုအတိတ်ကံသက် ဆက်၍သုံးခွင့်ရ ဤပစ္စက္ခ၏ ဘဝ သက်၌ ကာယကိုပြုပြင်ရာ၏။ အသက်သည် ဝင်လေ ထွက်လေ နှစ်ခုပင် ဖြစ်ရာ . . .

ဝင်လေကား ရှူသွင်းခြင်းဖြင့် ပြုပြင်ပေးနေရသောကြောင့် **အာဏ** အတည်အဖြစ် **ပဿာသ** အသက်ဝင်လာခြင်းဆို၏။

ထွက်လေကား ရှိုက်ထုတ်ပစ်ပေးရခြင်းဖြင့် ပြုပြင်ပေးနေရ သောကြောင့် **အပါန** အသက်မဲ့ အပျက် **အဿာသ** အသက် ထွက်သွားတော့ခြင်း ဆို၏။

သို့တစေလည်း ဝင်လေ၏ ထိုဖြစ်သောအရာ၌ပင် . . . ကံစီရင်ထားသော နာမ်သက်သည် စက္ကန့်တစ်ချက် ကုဋေပေါင်း တစ်သိန်းနှုန်းတို့ဖြင့် ပျက်၍ ပျက်၍ ရှေ့သို့ ခရီးဆက်နေ ကြသည်။

ကံစီရင်ထားသော ရုပ်သက်သည်ကား နာမ်တစ်ဆယ့် ခုနစ်ချက်ပျက်ချိန် ရုပ်သက်က တစ်ချက်မျှရှိသေးဟူသော

လေးကန်သည့် ဘာဝဖြင့် လိုက်လံပျက်စီးနေရခြင်းကြောင့် အကြမ်းစား ကုဋေခြောက်ထောင်ခန့် အသေးစိတ်အားဖြင့် ငါးထောင့် ရှစ်ရာ ရှစ်ဆယ့် ငါးကုဋေ သုံးသန်း ငါးသိန်း ခြောက်သောင်း ကိုးထောင်လေးရာ တစ်ဆယ့်တစ်ချက်ခန့် (၅၈၈၅၃၅၆၉၄၁၁) ဟူ၍ ပညာရှင်တို့ တွက်ချက်ပြဆိုထားရာ ထိုဝင်လေတစ်ချက်၏ အချိန်ကာလသည် လေးစက္ကန့်မျှ ခရီးရှည်၏။ သို့ဆိုသော် ထိုဝင်လေတစ်ချက်စီ၏ အတွင်းမှာပင် ထိုကာယ မည်မျှ ပျက်စီးနေပါသနည်း။

သစ်ပင်ကို ဖျက်၍ သစ်သား ဖြစ်စေရာတွင်၊ သစ်သားကို ဖျက်၍ အရုပ်ထုစေရာတွင်၊ မျိုးစေ့ပျက်ရာမှဖြစ်သော သစ်ပင်ကို အဆင့်ဆင့်ဖျက်၍ ဖြစ်စေခဲ့ရာဖြစ်ခြင်းကြောင့် ဖြစ်ဆိုသော်လည်း အပျက်ပါနေသည် ပမာ . . .။

ပဋိသန္ဓေရုပ်ကို ဖျက်၍ မွေးကင်းစရုပ် ဖြစ်စေရာတွင်လည်းကောင်း၊ မွေးကင်းစရုပ်ကိုဖျက်၍ ကလေးရုပ်ဖြစ်စေရာတွင်လည်းကောင်း၊ ကလေးရုပ်ဖျက်၍ ကာလသားရုပ် စသည် အဆင့်ဆင့်ဖြစ်စေရာတွင်လည်းကောင်း၊ ထိုဝင်လေ၏ အဖြစ်မှန် သမျှတို့သည်လည်း၊ အပျက်မှအပျက် ချည်းသာ။ ထွက်လေကား ဆိုဖွယ်ရာပင် မရှိတော့ပါပြီ။ သို့ကြောင့်လျှင် . . .

"လုစ္စတိ ပလုစ္စတီတိ လောကော"

"သတ္တလောကဟူသော သင့်ကာယသည် ပျက်ပြီးရင်းပျက်



အပျက် မှ အပျက်သို့ချည်း ဆက်နေသောကြောင့် လောကမည်၏။" မဟုတ်လော။

**"ကာယ သေရာ အဖြေရှာ လေမှာ ပျက်သည်ကြောင့်"**

✦

## သက်မဲ့လေယာဉ်ကြီး ကောင်းကင်တက် ဝဲနေခြင်းသည် လေအားကြောင့်

ထိုကာယ၌ တည်သောလေသည် ထွက်ဝင်လေ၊ အထက်ဆန်လေ၊ အောက်စုန်လေ၊ ဝမ်းဗိုက်တွင်း၌တည်သောလေ၊ အဖို့အစု ကောဋ္ဌာသတစ်ခုစီတို့၌ ဝိုင်းဖွဲ့နေသောလေ၊ ကာယ၏ အစိတ်အပိုင်းအားလုံးတို့သို့ ဖြန့်ကျက်လျက် နေသောလေဟူ၍ ခြောက်မျိုးရှိရာ . . . ထွက်ဝင်လေတစ်မျိုးသည်သာ စိတ်ကြောင့် ဖြစ်ရပြီး၊ ကျန်ငါးမျိုးတို့ကား ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးမျိုးစုံတို့ဖြင့် ဖြစ်ကြရ၏။

ထိုတွင် ဘဝတစ်ခု၏ ကိုယ်ထည် ကာယရုပ် (လူဖြစ်ကြောင်းပြသရာရုပ်)၊ ဘဝတစ်ခု၏ ပုံစံဖော် ဘာဝရုပ် (ယောကျ်ားဘာဝ၊ မိန်းမဘာဝ)၊ ဘဝတစ်ခုကို ဦးစီးကွပ်ကဲပေးရာ ဟဒယရုပ်



(သဘောကိန်း၊ မနောတည်ရာဌာန)၊ ထိုသုံးခုတို့သည် တစ်ဘဝမှ တစ်ဘဝသို့ အကူးဖြစ်သော ပဋိသန္ဓေစိတ်ဖြစ်(ဥပါဒ်)နှင့်အတူ ပါဝင်နေရကား . . .

ထိုအချိန်မှပင် စတင်ကာ ကမ္မဇလေများ ဖြစ်ပွားတည်ရှိနေချေပြီ။ ထိုကမ္မဇလေကား ဣစ္ဆိသယလေ၊ အများအခေါ် (ဘဝ၏အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိနေသော) ဘဝင်လေပင်ဖြစ်ရာ မိခင်ဝမ်းသို့ စတင်ဝင်ရောက်လာပြီး ကာယ၊ ဘာဝ၊ ဟဒယတို့ထင်ရှားလာသည်နှင့် ၎င်းလည်း ထင်ရှားလာချေရာ ကာယခေါ် ကိုယ်သည် စကတည်းက လေအပြည့်ထည့်ထားသော လေအိတ်ပမာတည်း။

ထိုကာယ တိုးတက်ကြီးပွားလာသည်နှင့် ဆိုင်ရာအုပ်စု (ကောဋ္ဌာသ)တွင်းအောင်းလေများလည်း တစ်ပါတည်းပါဝင် ထင်ရှားလာကြမည်။

ထိုကာယ ရင့်ကျက်လှုပ်ရှားခွင့်ရလာသည်နှင့် အင်္ဂါကြီးငယ် အသွယ်သွယ်များသို့ ဖြန့်ကျက်တာဝန်ယူပေးရသော လေများလည်း ထင်ရှားလာကြမည်။

ထိုအတွင်းထားလေများ ထင်ရှားနေနှင့်ပြီးသည်နှင့်လည်းကောင်း၊ ကာယတစ်ခုလုံး၏ စက်ရုံခန်းသဖွယ်ဖြစ်သော နှလုံးအိမ်၊ အသည်း၊ သည်းခြေ၊ အဆုတ် စသည်တို့ ပီပြင် ရင့်ကျက် အမာခံ ဖြစ်လာသည်နှင့်လည်းကောင်း၊ ဘဝကို အသက်သွင်း

ပေးသည့် စက်နှိုးဝင်လေက စတင်တိုက်ခိုက်မည်။ ထိုတိုက်ခိုက်မှုကို ဘဝင်လေက တုန့်ပြန်တိုက်ခိုက်မည်။ ထိုလေများသည်ပင် လှုပ်ရှားလေ၊ တွန်းကန်လေ အမည်ကို ခံယူကြသည်။ သို့မဟုတ် အပြင်လေ အတွင်းလေတို့ကို တို့ခတ်၍ ဘဝကို အသက်သွင်းပေးနေခြင်း။

ထိုစဉ် ဝင်လေက လှုပ်ရှားပေးလာလျှင် ဘဝင်လေက တွန်းကန်ပေးထားရမည်။ ဘဝင်လေက တွန်းကန်ထုတ်လိုက်လျှင် ဝင်လေက ထွက်ခွာပေးရမည်။ ဝင်လေကြောင့် ကာယရှိ မွေးညင်းတံခါးများကို ပွင့်စေ၍ ကိုယ်ကို အအေးရစေသည်။ ထွက်လေဖြင့် ကာယရှိ မွေးညင်းတံခါးများကို ပိတ်စေ၍ ကိုယ်ကို အပူပေးရသည်။အအေးဖြင့် ဘဝသစ် ရုပ်ကိုဖြစ်စေ၍ အပူဖြင့် ရင့်ကျက်စေ ပျက်စေခြင်းတည်း။

အိမ်ရှင်လေနှင့် ဧည့်သည်လေ၊ သို့မဟုတ် ဘဝင်လေနှင့် ဝင်လေ၊ ထိုနှစ်ခုတို့ အတိုက်အခံလုပ်၍ ရုပ်ကို လှုပ်နှိုးပေးလိုက်လျှင်ပင် ဘဝင်လေ လှုပ်ခတ်သွားခြင်း **ဘဝင်္ဂစလန**၊ ဘဝင်လေကို ဖြတ်တောက်ချထားခဲ့ခြင်း **ဘဝင်္ဂုပစ္ဆေဒ**၊ သဘောသိကို ဖန်ဆင်းပေးမည်ဖြစ်သော ဆင်ခြင်စိတ် သို့မဟုတ် သိစိတ်ခေါ် နာမ် သို့မဟုတ် **မနောဒွါရာဝဇ္ဇန်း၊** ထိုမှတစ်ဆင့် လေနှစ်ခုမှ ဖြစ်သော အထိအာရုံကို စောင့်ကြည့် ကြည့်နေခြင်း **သမ္ပဋိစ္ဆာန်း၊** အေးသိ နွေးသိ လှုပ်သိမျှဟူ၍ သိသိနေတော့ခြင်း



**သန္တီရဏ၊** ထိုအသိမှထ၍ မိမိရရလက်ခံရန် ကြိုးစားခြင်း **ဝုဋ္ဌာန၊** ထိုကြိုးစားခြင်းကို လက်ခံ၍ ထိုအာရုံကိုခံစားခြင်း၊ ဇောစိတ်များဖြင့် ဝမ်းတွင်းမှာပင် (ရင့်ကျက်ချိန်ကိုရည်သည်) အသိပေါ်နေခဲ့ချေပြီ။

ထိုအသိသည် မောဟသိမျှသာရှိသေးရကား ရုံတစ်ခါနိုးသိ ရုံတစ်ခါ မနိုးသိ သို့မဟုတ် ဆင်ခြင်သိ ဘဝင်သိ နှစ်ခုမျှသာ ရှိချေဦးမည်။ ရာဂ၊ ဒေါသ စသည်များအထိ မဆက်နိုင်သေးချိန်တည်း။

ဤ၌ဆိုလိုချင်သည်မှာ . . . အတွင်းလေနှင့် အပြင်လေဟူ၍လည်းကောင်း၊ ဘဝင်လေနှင့် ဝင်လေဟူ၍လည်းကောင်း၊ အိမ်ရှင်လေ နှင့် ဧည့်သည်လေဟူ၍ လည်းကောင်း အမည်ရသော ရုပ်နှစ်ခုတို့ ထိရာမှ ရုပ်သက်ဝင်လာရပြီး ထိုရုပ်နှစ်ခုတို့ ထိရာမှပင် ရုပ်နှစ်ခုထိ အသိတစ်ချက်ပေါ်နှုန်းဖြင့် နာမ်သက်လည်း ဝင်လာရပါသည် ဟူသော အချက်ပင်တည်း။

ဤ၌ ဝင်လေကစ၍ ဆိုထားခြင်းမှာ အာနာပါနအရ ဘဝတည်ပုံကိုရည်၍လည်းကောင်း၊ ဝမ်းတွင်း၌ပင် ရုပ်ခန္ဓာတို့ စက်တစ်ခု အဖြစ် စက်ကိရိယာ အစိတ်အပိုင်းများကို သူ့ဆိုင်ရာဆိုင်ရာနေရာတို့သို့ စနစ်တကျ တပ်ဆင်ပေးလျက် ပြီးစီးသွားသောအခါ စက်နှိုး၍ အသက်သွင်းပုံမျိုးကို ရည်၍လည်းကောင်း ဆိုထားခြင်းမျှသာ။



ထိုလူသား ဖွားရန် အချိန်စေ့သဖြင့် သူ့ဆိုင်ရာ ကမ္မဇလေက နှင်ထုတ်လွှတ်လိုက်သောကြောင့် မိခင်ဝမ်းတွင်းမှ ကျွတ်လာရစတွင်ကား **အဿာသ ပဿာသ** ထွက်သက် ဝင်သက်စကားအရ ထွက်လေကစ၍ လောကတွင်း ချဉ်းနင်းဝင်ရောက်လာပုံကို ပြဆိုမည်။

ဘဝတစ်ခု ပေါ်ပြင်လာရန်ကို မြေက တာဝန်ခံတည်ဆောက်ပေးရသည်။ ထိုဘဝတစ်ခု သက်ဝင်လှုပ်ရှားမှုကိုကား လေက တာဝန်ခံပေးရမည်။ သို့ကြောင့် လေမရှိသောကမ္ဘာ ဘူတရုပ်ပိုင်များ မနေနိုင်။

**“ကာယလှုပ်ရာ သရုပ်ရှာ၊ ဘုတ်မှာ လေဝင်ကြောင့်။”**

✦

## ကိုယ်ရေး၊ ကိုယ်တာကိစ္စ
## အတွင်းကအမြင် နှင့် ပြင်ပအမြင်

ကာယသင်္ခါရ ခေါ် ကိုယ်ကို ပြုပြင်ပေးရာဝယ် ဝင်ထွက်လေသည် အဓိကနေရာမှ တာဝန်ယူရကြောင်း ဆိုခဲ့ပြီးပြီ။ ထိုလေများကပင် ဘဝခေါ် ဖြစ်စဉ်တစ်ခုတစ်ခုကို ဖြစ်စေလိုက် ဖျက်ပေး

လိုက်ဖြင့် ကစားပေးနေပါသည်ကိုလည်း ဆိုခဲ့ပြီးပြီ။ တစ်ဖန် ထိုလေများကြောင့်ပင် ကိုယ်ခန္ဓာ၌ ရုပ်နာမ်ခေါ် ဖောက်ပြားခြင်းနှင့် ဖောက်ပြားနေမှန်းသိခြင်းတို့ ထင်ရှားလာသည်ကိုလည်း ဆိုခဲ့ပြီးပြီ။ ထိုဆိုခဲ့ပြီးပြီတို့အထဲ၌ပင် ထိုကိုယ်ခန္ဓာကောင်ကြီး တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားစေခြင်း၊ တစ်နေရာထဲ၌ပင် လျောင်း၊ ထိုင်၊ ထ လုပ်ပေးခြင်း၊ ခြေ၊ လက်လှုပ်ရှား၊ မျက်စိ စသည် ကစားပေးခြင်းများကိုလည်း အလိုလိုပါ အဖြစ်ဖြင့် ဆိုခဲ့ပြီးဖြစ်ချေပြီ။

ထိုစဉ် ဝင်လေသည် အသက်အတည် သို့မဟုတ် ဘဝ တစ်ခု၏အဖြစ်။ ထွက်လေသည် အသက်ကုန် သို့မဟုတ် ဘဝ တစ်ခု ဖျက်သိမ်းလိုက်ခြင်း။

ဤသို့ ဆိုခဲ့ပြီး ရှိချေရာ မိမိစိတ် မလှုပ်မယှက် မကလက်တော့သည်အထိ တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်း အပြည့်ရှိရာ၊ အပ္ပနာသမာဓိ ပိုင်နက်တွင်းသို့ ချဉ်းနင်းဝင်ရောက် သွားမိရာ အချိန် မြင်သိခွင့်ရ မြင်ကွင်းကား . . . ဝင်လေတွင်ကား ကိုယ်တွင်းလေက အထွက်ပြနေသည်။ ထွက်လေတွင်ကား ကိုယ်တွင်းလေက အဝင်ပြနေပြီ။ သည်နှင့်အတူ ဝင်လေတွင် အတွင်းလေအောက်မှ ထွက်ပြေး သွားရခြင်းကြောင့် ခါးဆစ်ရိုးမှ ဖဝါးလည် အထိ အေးသော ဝေဒနာနှင့် ထွက်နေပုံထင်ရှားပြီး၊ ထွက်လေ



တွင်ကား အတွင်းလေ နှာဝမှပင် ပြန်လည်ဝင်လာခွင့်ရခြင်းကြောင့် ခါးအထက်မှ ဦးခေါင်းပိုင်း အထိ အေးသော ဝေဒနာနှင့် ဝင်လာနေပုံများ ထင်ရှားသည်။ နွေးသော ဝေဒနာကား ထိုမှ ပြောင်းပြန်အတိုင်းသာ။

တစ်ဖန် သည်နှင့်အတူပင်လျှင် ခန္ဓာခွင်၏ဝမ်းဗိုက်တွင်း ချဉ်းကပ် ကြည့်မိလျှင်ကား အဝင်တွင် လေနှင့်အတူ ပြင်ပရှိ အအေးခိုးများပါ ပါဝင်လာပြီး ခန္ဓာ၏ယာဘက်လမ်းမှ တန်းဝင်လာသည်။ ထိုစဉ် ခန္ဓာခွင်တစ်ခုလုံးရှိ မွေးညင်းပေါက်များ အပြင်တွန်းဖွင့် တံခါးများ ပမာ ပွင့်သွားကြရပြီး ခန္ဓာတွင်းအောင်းလေပူများ (သုံးပြီးလေများ) ထွက်ခွာသွားကြရသည်။

ထိုလေပူများ ထွက်ခတ် ခတ်သွားခြင်းကြောင့်လည်း ခန္ဓာခွင်တစ်ခုလုံးရှိ သွေးများခန်းခြောက်သွားရပြီး ခန္ဓာရှိ အသားစသည်များလည်း နွေခေါင်ခေါင်ရှိ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပမာ ဖြူဖွေးသွားစေပါသည်။

အထွက်တွင်ကား လေသည် မီးလောင်ပြင်ပမာသော ခန္ဓာတွင်းခင်းမှ ထွက်ခွာသွားရခြင်းကြောင့် အပူခိုးများပါ ပါဝင်လာပြီး ခန္ဓာ၏ ဝဲဘက်လမ်းမှ တန်းထွက်သွားသည်။ ထိုစဉ် ခန္ဓာတစ်ခွင်လုံးရှိ မွေးညင်းများပိတ်ပြီး ဖြစ်နေကြပြီ။ တစ်ဆက်တည်းပင် ဝဲဘက်မှ နှလုံးသွေးတစ်စက် ပေါက်ခနဲကျလာပြီ။ ထိုသွေး



တစ်စက် ပက်ဖျန်းပေးမှုကြောင့်ပင် ခန္ဓာတစ်ခွင်လုံးရှိ အစာမှ ဖြစ်သော သွေးသစ်များ တိုးလာစေခြင်း၊ အသားနှင့်တကွသော အတွင်းနေများလည်း ဒီရေတက်ပြီးစ ပင်လယ်ခြေသောင်ကမ်းပမာ နီရဲလာခြင်းများ ဖြစ်ပွားစေပါသည်။

သို့မဟုတ် အဝင်သည် လေဝင်ထိုးရာ အခိုးပါဖြင့် လေဓာတ်၊ မီးဓာတ်တို့၏ အဟပ်ကို ခံလိုက်ရသော ခန္ဓာတွင်းကား မီးလောင်ပြင်ပမာသော အပျက်မြင်ကွင်းတည်း။ အထွက်သည် မြေဓာတ်တိုးရာ ရေအားပါဖြင့် မြေဓာတ် ရေဓာတ်တို့၏ ပြင်ဆင်ပေးခြင်းကို ခံလိုက်ရသော ခန္ဓာတွင်းကား ပြန်လည်ဆောက်ပြီးစ အိမ်သစ်ပမာ အဖြစ် မြင်ကွင်းတည်း။

သို့ဆိုသော် အဝင်ဟူသော စကားသည် ပြင်ပတိုက်ခိုက်လေ၏ ဝင်လာခြင်းကို ဆိုသလော။ သို့မဟုတ် အတွင်းလေ၏ ပြန်ဝင်လာခြင်းကိုလျှင် ဆိုသလော။ အထွက်ဟူသော စကားသည်လည်း ထိုနည်းကိုယူ သဘောတူပင်။ ဤကား ငါတို့မသိသော သိခြင်းပေတည်း။

ဤ၌လည်း အဝင်အထွက်ဟူသော စကားအရ ဝင်လေကပင် ပြန်ထွက်လာရသည်ပမာ ဆိုထားပါသော်လည်း စင်စစ်လေသည် လည်းကောင်း၊ အခိုးသည်လည်းကောင်း၊ မြေရေခေါ် သွေးသား စသည်များသည်လည်းကောင်း၊ ကံအရှိန် စိတ်အရှိန်

ဥတုနှင့် အာဟာရတို့၏အရှိန်သက် အဆက်အဆက်မျှ ချည်းဖြစ်ရာ . . . သည်နေရာဖြစ်သောလေ သည်နေရာမှာပင် ချုပ်ဆုံးသည်။ သည်နေရာဖြစ်သောရုပ်၊ နာမ်များလည်း သည်နေရာမှာပင် ချုပ်ဆုံးသည်။ သို့ကြောင့် ဝင်သွားသောလေ ပြန်ထွက်လာခြင်းဟူ၍ကား မယူသင့်ရာ။

တစ်ဖန် ဝင်လေတွင် အတွင်းလေ ထွက်ပြေးသွားခြင်းနှင့် အတူ ခန္ဓာတွင်းတစ်ဆုံး တရှိန်းရှိန်းပျက်သွားတော့ခြင်း၊ ထွက်လေတွင်ကား အတွင်းလေ ပြန်ဝင်လာခြင်းနှင့်အတူ နှလုံးသွေးအဖြစ်ဖြင့် သွေးသစ်လောင်းခံရရာ၏ ဖြစ်ပေါ်လာခြင်းများ၌လည်း ပညာရှင်တို့ ဆင်ခြင်ကာ အဖြေဖော်ထုတ်ကြရန် တင်ပြခြင်းမျှသာ။

ယခင် ပြင်ပ၏ အထိအတွေ့မျှသာ ခံစားခွင့်ရစေခဲ့သော ဥပစာသမာဓိနယ်တွင်းရှိ ကာလတုန်းကကား အဝင်အေး အထွက်နွေးဖြင့်သိရသည်။

အဝင်သည် နိမ့်လျှောဆင်း တောင်ကုန်းပေါ်သို့ အရာဝတ္ထုတစ်ခု ကြိုးဖြင့် ဆွဲတင်နေရပါသည်ပမာ အဆင့်ဆင့် ပြုလုပ်ပေးနေရခြင်းကြောင့် အဖြစ်။ အထွက်သည်ကား ထိုအရာဝတ္ထုကို တောင်ကုန်းပေါ်မှနေကြိုးလက်လွှတ်ချ၊ ဝရုန်းသုန်းကား ကျသွားပါသည်ပမာ ပြုလုပ်ပေးနေစရာမလို၊ အလိုလိုပင် ကျသွားစေတော့ခြင်းကြောင့် အပျက်ကား သိကြပြီးဖြစ်၍ ဤ၌



အထူးမဆိုသာပြီ။ အိမ်ရှင်လေ၏ ဝင်ထွက်ခြင်းများကိုသာ အရေးဆိုပါသည်။

**"တွင်းပြင်လေယူ ခန္ဓာချူ ဘယ်သူတာဝန် အရှိဆုံး"**

✦

## ကံဆက်ကိုဖျက်၍ ကံပျက်ကို ဆက်ကာဆက်ကာရှေ့သို့တိုးလာနေခြင်းများ

ယမန်နှစ်က ထားခဲ့သော မျိုးစေ့ကို တစ်ဖန် ပျိုးပင် သီးပွင့်ပင် ဖြစ်စေလိုရာ၌ ယာရှင်သည်လည်းကောင်း၊ လယ်ယာသုံးကိရိယာ ထွန်၊ ထယ်၊ နွားသည်လည်းကောင်း၊ လယ်ယာမြေသည်လည်းကောင်း မပါမဖြစ်ချေ။ တစ်ခုမျှ မပါလျှင်ပင် မျိုးစေ့မှ အပင်သို့ မရောက်တတ်။

သည့်ပမာလျှင်. . . အတိတ်က ထားရှိခဲ့သော စေတနာဟောင်းများကို တစ်ဖန် ဘဝသစ်ကို ဖြစ်စေခြင်း၊ ထိုဘဝသစ်၌ အကျိုးပေးတို့ ဖြစ်ပွင့်စေခြင်း စသည်များ၌လည်း ငါဟူသော စေတနာရှင် မပါဝင်လျှင်လည်း မပြီးစီးတတ်။ ဝတ္ထု၊ ပစ္စည်း



ဟူသော ကံချုတံများ မပါဝင်ပြန်လျှင်လည်း မပြီးစီးတတ်။ သူဟူသော မိမိနှင့်စီးပွားဖက် ကံအချုခံများ မပါဝင် ပြန်လျှင်လည်း မပြီးစီးတတ်။

ထိုသုံးပါးတို့ အကြောင်းထား ညီညွတ်နေသော်မှလည်း စေတနာသို့ ဝိုင်းရံထားသော ကိုယ်လှုပ် နှုတ်ဖွင့် တွေးချင့်ခြင်းကံ၊ လိုရင်းအချက် ဒက်ထိသိပေးနိုင်စွမ်းသော ဉာဏ်၊ သေချာသည်နှင့် ရဲတင်းစွာ စွန့်စားဝံ့သော ဝီရိယ၊ ထိုသုံးပါးတို့ မဝင်က အဆင်မပြေတတ်။

ထိုကိစ္စ ယာသမားချင်း တူပါလျက်သားနှင့် အလုပ်ကိုင်ပမာဏအားဖြင့်လည်း တူပါလျက်သားနှင့် သူ့မြေနှင့်သူ့မျိုး သူ့မိုးနှင့်သူ့ရေတို့ကို အတည့်စီမံတတ်သူက အထွက်တိုးကောင်းပြီး မခန့်မှန်းတတ်သူက အထွက်နှုန်း ဆုတ်ယုတ်သွားသည်က သက်သေခံလေပြီ။

ထို ကံ၊ ဉာဏ်၊ ဝီရိယ ပါဝင်နေကြသော်မှလည်း မြေညက်ယာကြားမှ မျိုးများ ပိုးဝင်စားသွားပြီပမာသော အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ခေါ် ငါကောင်းစားဖို့ အရင်းခံ၊ မည်သူနှင့်ပေါင်းပေါင်း ပေါင်းသူ၏အပေါ်သို့ အလိုကြီးစိတ်ထားခြင်း (၎င်း က သူပေးလိုကမ်းလိုသော စေတနာကို ပိတ်ပင်ထားလိုက်ပြီ)၊ အလိုမကျအားမရစိတ်ထားခြင်း (၎င်းကလည်း သူ၏ မိမိအပေါ်ထားရှိသော စေတနာနှင့် မေတ္တာများကို ဟန့်တားပေးထားလိုက်ပြီ)၊

ထိုသုံးချက် အဖျက်ဝင်နေကလည်း အတိတ်၏ကောင်းကွက်ကံ မဆက်တတ်။ ယင်းသုံးပါးသည် မကောင်းကျင့်ဒုစရိုတ၊ ဒုရာဇီဝ တို့ကိုလည်း အားပေးထောက်ခံနေ၏။

မကောင်းကြံ **ကာမဝိတက်**-လိုချင်သည်ကိုချည်းသာ တွေးနေမိတော့ခြင်း၊ **ဗျာပါဒဝိတက်** - မရမည်ကိုသာ စိုးရိမ်နေတော့ခြင်း၊ **ဝိဟိံသဝိတက်**-ကိုယ့်စိတ်ဖြင့် ကိုယ့်ကိုညှဉ်းဆဲ၊ ကိုယ့် စိတ်ဖြင့် သူ့ကို ညှဉ်းဆဲမိနေတော့ခြင်း သုံးမျိုးတို့ကိုလည်း သွေးထိုးပေးနေ၏။

သို့ကြောင့် ယင်းအဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ကို မနော ဒုစရိုက်သမား သုံးယောက်ဟူ၍လည်းကောင်း၊ မိစ္ဆာအာဇီဝ သမားသုံးယောက်ဟူ၍ လည်းကောင်း နာမည်ပေါက်စေပြီ။

ထိုမနောဒုစရိုက် (စိတ်ဖြင့် မကောင်းကျင့် ကျင့်နေခြင်း) သုံးမျိုးတို့ ကြီးစိုးနေသော လုပ်ရပ်မှန်သမျှတို့သည်လည်း ငါ့ဖို့ မာန၊ ငါကောင်းစားဖို့ တဏှာ၊ ငါပိုင်ချည်းဖြစ်နေဖို့ ဒိဋ္ဌိ ထိုသုံးမျိုးတို့လည်း သဘောတူအဖြစ်ဖြင့် အဆစ်ဝင်လာဦးမည်ဖြစ်ရာ မကောင်းကံဘက်ကသာ ကျယ်၊ ကောင်းကံဘက်မှာကား အကျယ်မလာပြီ။

သို့ကြောင့် ထိုအတိတ်၏ကောင်းကံထားကို ဤပစ္စုပ္ပန်ရှိ ကောင်းကံသွားများဖြင့် စုပ်ချူ၍အရယူရာတွင် သင့်၌ ကံ၊ ဉာဏ်၊ ဝီရိယ အကောင်းစုမှတစ်ပါး အခြားမရှိ သင့်တော့ပြီ။ သင့်၌



ကိုယ်ပိုင်စိတ် ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်ဟန်မှတစ်ပါး အခြားမရှိသင့်တော့ပြီ။

ထိုစဉ် ကိုယ်စိတ်သန် ကံတို့နောက် ဉာဏ်မကူထောက်က လိုရာလည်းမရောက် သက်သာပေါက်လည်း မရတတ်။

တစ်ဖန် ကံပေါ် ဉာဏ်ဆင့်သလောက် ဝီရိယအပင့် နောက်မှမလိုက်ကလည်း ရောက်ခွင့်ရှိသလောက် မတိုးတက်။ အောင်သီးအောင်ပွင့်တို့ အထိလည်း မဆက်ပြီ။

တစ်ဖန် ကံ၊ ဉာဏ်၊ ဝီရိယ ဆောင်း အနေအထား ကောင်းနေရာတွင် သောမနစိတ်-ကိလေသာအနည်မရော သောက်ရေပမာသော ကြည်စိတ်ဖြင့်လည်းကောင်း၊ ဉာဏသမ္ပယုတ်-လောဘ သောက အငှားမဟုတ်၊ ကိုယ်ပိုင်ဉာဏ် စိုက်ထုတ်ခြင်းဖြင့်လည်းကောင်း၊ အသင်္ခါရ - သူတကာ တိုက်တွန်း အားကျ၍ မဟုတ်၊ ကိုယ်တိုင်သိဖြင့် အရှိဖော်ထုတ်ခြင်းဖြင့် လည်းကောင်း၊ ထပ်မံကာ ထောက်ပို့မဝင်ပါကလည်း အောင်သီးအောင်ပွင့်တို့ အထိ မဆက်စေပြီ။

အထက်ပါတို့ ကွင်းဆက်ထား၍ အားကိုဖြစ်စေပြီးပါသော်၊ အတိတ်ကံသည် အတိတ်ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်တို့၏ ကုဋေပေါင်းများစွာသော လှုပ်ရှားမှု အရှိန်သတ္တိလှိုင်းကြား မြုပ်ထား ကိန်းတည်နေသည်အားလျော်စွာ၊ အတိတ်စေတနာသည် အတိတ်ကံ၊ အတိတ်စိတ်၊ အတိတ်တဏှာ သုံးခုကြား



ခေါင်းထိုးထားကာ ကံမြောက်ခဲ့ပါသည် အားလျော်စွာ၊ ဤယခု ပစ္စက္ခတွင်လည်း ကံတို့ဖြင့်ပင်ဆက်၍ ကံဖော်ကြရသည်။ ဆက် လာပြီကို ဖျက်၍ ဖျက်၍လည်း ကံအသုံးချရသည်။ တစ်ဖန် ပျက်သွားသောနေရာကို ပြန်လည်ဆက်၍ဆက်၍လည်း ကံအသုံးချရသည်။

လူတစ်ဦးစီ၏ ယနေ့ လှုပ်ရှားရုန်းကန်နေခြင်းများသည် ယခင်ပြုစီရင်ထားခဲ့သော ကံအဆက်များကို ဖျက်၍ ဖျက်၍ အသုံးချနေခြင်းများပင်တည်း။ ဖျက်၍ပျက်သွားသောနေရာ ဖာ၍ ဖာ၍ အသုံးချနေရခြင်းများပင်တည်း။

ထိုသို့ ပစ္စုပ္ပန်ကံအလုပ်ဖြင့် အတိတ်မြုပ်ကံထုပ်ကို ထုတ်ဖော် အသုံးပြုရာ၌ ဉာဉ် ဝါသနာဝင် အစွဲစိတ်ဓာတ်နှင့် ကြံစည်မှု မနောကံများက အတိတ်ကြောင်းကို ဖော်ထုတ်ပေးကြမည်။ တစ်ဖန် . . . စိတ်ကြောင့်ဖြစ်သော လေရုပ်များနှင့် ကိုယ်၊ နှုတ် (အပြင်ထား) ကံများက ပစ္စုပ္ပန်အလုပ် သရုပ်ပေါ်လွင်အောင် ဆောင်ရွက်ပေးကြမည်။

ထိုဆောင်ရွက်ချက်များ၌လည်း အတွင်းကြံစည်မှု မနောကံဖြင့် ပြင်ပကိုယ်လှုပ် နှုတ်ဖွင့် ကာယ ဝစီကံတို့၏ သရုပ်ကား အများတို့၏မျက်မြင်ရှေ့ မြင်သူတိုင်းလျှင် တွေ့သိပြီးဖြစ်နေရကား ဤ၌မပြသာပြီ။ ဤ၌ ပြလိုသည်မှာကား အတွင်းမှနေ၍ ပစ္စုပ္ပန်အလုပ် စိတ္တဇရုပ် (ဝင်ထွက်လေ)ဖြင့် သရုပ်ဆောင်ခြင်း

ပင်တည်း။

လူသားတိုင်း နှာခေါင်းနှစ်ပေါက်ဖြင့် အသက်ရှူခွင့်ရကြခြင်းကြောင့် နှာခေါင်းနှစ်ပေါက်ဖြင့်ပင် အသက်ရှင်ခွင့် ရနေကြသူများ ဖြစ်ကြ၏။

သို့ဆိုသော်. . . အသက်ကိုရှူပြီးတိုင်း ထိုအသက်ကို ပြန်ထုတ်ပစ်ရမြဲချည်းဖြစ်ရာ၊ အသက်သေခြင်းများသည်လည်း ထိုနှာခေါင်းနှစ်ပေါက်က ချည်းသာ။

မိခင်ဝမ်းဗိုက်မှ ကံအစီအမံကို ခံယူပြီး ထွက်လာသော ကလေးသည် ဦးစွာ ထွက်လေတစ်ချက်ကို မိခင်ဝမ်းဗိုက်မှ ကျွတ်လျှင် ကျွတ်ချင်း မှုတ်ထုတ်လိုက်၏။ ထွက်စကလေးကို သတ်ပစ်ခဲ့ခြင်းတည်း။

တစ်ဖန် ဝင်လေတစ်ချက်ကို ရှူသွင်းလိုက်ပြန်၏။ ဒုတိယကလေး မွေးဖွားပေးခြင်းတည်း။ ထိုကလေးကိုလည်း နောက်ထွက်လေက သတ်ပစ်လိုက်ပြန်၏။

ဤသို့ဖြင့် ကလေးပေါင်းမြောက်မြားစွာကို သတ်၍ ကလေးကြီးဘဝ ရောက်ခဲ့ရ၏။ တစ်ဖန် ကလေးကြီးပေါင်းမြောက်မြားစွာ သတ်ပစ်ခဲ့ရာမှပင် ကာလသားဘဝ ရောက်ခဲ့ရ၏။ တစ်ဖန် ထိုကာလသားပေါင်းမြောက်မြားစွာ သတ်ပစ်ခဲ့ရာမှပင် အိမ်ထောင်သည်လူလတ်ဘဝ ရောက်ခဲ့ရ၏။ ဤနည်းဖြင့် လူလတ်သေ လူကြီးဖြစ်၊ လူကြီးသေ အဘိုးကြီးဖြစ်၊ အဘိုးကြီး



သေ မသာကြီးဖြစ်အထိ ဆက်လက် တက်ခဲ့ကြရ၏။

ဝင်လေတစ်ချက်ဖြင့် ဘဝသစ်ကို အသက်သွင်း၍၊ ထွက်လေတစ်ချက်ဖြင့် ထိုဘဝသစ် အသက်ထွက်စေခဲ့သော ထိုဖြစ်စဉ်ဆက် အသက်ငင် လူဟူသော ဘဝကို ပီပြင်စေရာ၌ **“ကမ္မံ သတ္တေ ဝိဘဇတိ** ကံသည်ဘဝကို စီမံခန့်ခွဲသူ ဖြစ်သည်” ဟူသော စကားအတိုင်း ကံကပင် သက်တမ်းတို၊ ရှည်ကို ကန့်သတ်မည်။

ကံအရှိန်၊ သတ္တိလှိုင်း အရှိန်မကုန်သေးသမျှ. . . ရုပ်သက်များကိုလည်း တစိုက်မတ်မတ် ရှေ့သို့ကပ်လိုက်စေရန် ဣန္ဒြေတို့ဖြင့် (ရုပ် ထိန်းကျောင်းပေးရာ ဇီဝိတိန္ဒြေဖြင့်) ထိန်းကြပ်ပေးထားစေမည်။

နာမ်သက်များကိုလည်း တစိုက်မတ်မတ် ရှေ့သို့ကပ်လိုက်စေရန် ဣန္ဒြေတို့ဖြင့် (နာမ်ကိုထိန်းကျောင်းပေးရာ ဇီဝိတိန္ဒြေတို့ဖြင့်) ထိန်းကြပ်ပေးထားစေမည်။

**“စိတ္တေန နီယျတိ လောကော**-လောကကို စိတ်ဖြင့် ဆွဲဆောင်မည်”ဟူသော စကားအတိုင်း စိတ်ကပင် သက်တမ်းစေ့နေရရန် ဆွဲဆောင်မည်။ စိတ်ဖြစ်ပန်း မညှိုးနွမ်းသမျှ ကိုယ်ကာယ ဘုန်းဘုန်းမကျစေ။

**“သီတေနာပိ ရုပ္ပတိ ဥဏှေနာပိ ရုပ္ပတိ-** အအေးသွင်း အပူသွင်းတို့ဖြင့် ရုပ်ကို ရင့်ကျက်ခြင်း၊ ကုန်ခန်းခြင်း၊ ပျက်



လွင့်ခြင်း ဖြစ်စေမည်”ဟူသော စကားအတိုင်း ဥတုကပင် ရုပ်ကို နုရာပျို ပျိုရာမှအို အိုရာမှပြို စေမည်။ ဝင်ထွက်လေမှဖြစ်သော အေးခြင်း ပူခြင်း၊ နေ့ညတို့မှဖြစ်သော အေးခြင်း ပူခြင်း၊ နွေမိုးဆောင်းတို့မှ ဖြစ်သော အေးခြင်း ပူခြင်း အိုက်ခြင်း ထိုအားလုံး ဥတုခိုး၏ အစွမ်းပြမျှချည်းတည်း။

**“သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ** - သတ္တဝါအားလုံး အစာအာဟာရကိုမှီ၍ အသက်တည်ရှင်နေကြရကုန်၏”ဟူသော စကားအတိုင်း အာဟာရကပင် လိုသောဓာတ်သက်ကိုသွင်း၍ ယွင်းသော အသက်ကို ဆက်ပေးနေခြင်းတည်း။

သို့ကြောင့်လျှင် အတိတ်ကံဟောင်းများကို ဆက်စပ်လျက် စေတနာနှင့်ပုံတူ ရုပ်ကို ဖန်တီးကာ ပစ္စက္ခဘဝသစ်ကို ဖြစ်စေရာ၌ ကံသည် စက်ပြင်ဆရာ။ စိတ်သည် လက်ထောက်။ ဥတုနှင့် အာဟာရတို့ကား ၎င်းတို့ကိုင်ဆောင်သော စက်ပြင်ကိရိယာ။ ကာယကား စက်ချို့ယွင်းနေသော ယာဉ်ပျက်တစ်စီး။ ဝင်၊ ထွက်လေတို့ကား ထိုယာဉ်၏အသက်ဟူ၍ ငါတို့ဆိုခဲ့သည် မဟုတ်လော။

လူသားတိုင်း အသေဆုံးသွားသည်ကိုသာ သိကြ၏။ သေနေသည်ကိုကား အတွင်းသိ အစင်းသိ မသိသူတိုင်း မသိကြရပြီ။ သို့ကြောင့် သွားနိုင်လာနိုင် စားနိုင်သောက်နိုင်နေသူကို

အကောင်းပကတိဟူ၍ အထင်မှားကြ၏။

စင်စစ် ဝင်လေတိုင်း ဘဝတစ်ခုတစ်ခုကို ရစေပြီး၊ ထွက်လေတိုင်းလည်း ထိုဘဝတစ်ခုတစ်ခု သေသေနေရစ်ရခြင်းကိုသာ မြင်တွေ့သွားပါလျှင် အလောင်းထမ်း လမ်းလျှောက် သင်္ချိုင်းခဏခဏ ရောက်နေပါသည်ကိုလည်း သိခွင့်ရကြတော့မည်သာ။

**“လေကြောင့် ရှင်ရ ထိုကာယ လေကပြန်သတ်မည်။”**

✦

## နှုတ်ထွက်စကားလုံးမှန်သမျှ ဝိတက် နှင့် ဝိစာရ

“နှုတ်ကြောင့်သေ လက်ကြောင့်ကြေ”ဟူသော စကားဆိုထုံးရှိ၏။ ထိုစကားသည် လူတစ်ဦး၏ကံကြမ္မာကို ဖန်တီးပေးရရာတိုင်းတို့၌ နှုတ်သည် အခရာ၊ နှုတ်သည် အညှာ ဆိုသည်ကို ညွှန်းဆိုနေ၏။

တစ်ဦးနှင့်တစ်ဦး ချစ်ခင်ပေါင်းဖက်ခွင့် ရကြခြင်းသည် နှုတ်ကြောင့်။ တစ်ဦးနှင့်တစ်ဦး ရန်မက်ဖြစ်ပွား အချင်းများရခြင်းလည်း နှုတ်ကြောင့်ပင်။



နှုတ်သည် မိမိသဘောထား အများနားလည်ရန် ကြေညာခြင်း သို့မဟုတ် စိတ်ဖြစ်သဘာဝကို ကိုယ်ဖြင့်ချပြရာ၏ ကြားခံပေါင်းကူးပေးခြင်းများ၌ အလွန်အရေးပါသည်ဖြစ်ရာ အားလုံးတို့အတွက် အားလုံးသည် နှုတ်မှချည်း စတင်ရသောကြောင့်တည်း။

ပညတ်သည် နှုတ်အတွက် သက်သက်ဖြစ်ပေါ်လာရသော သဘောတရားပင်ဖြစ်၏။ ထိုပညတ်၏ တစ်ခုနှင့်တစ်ခု မတူကွဲပြား သဘောထားကို ညွှန်းဆိုပေးရာ၌ ဤနှုတ်ထွက်စကားမပြောကြားက ထိုပညတ်အသက်မဝင်လာပြီ။

ထိုပညတ်ဖြင့် မိမိ၏သဘောထား သူတစ်ပါးနားလည်စေရာ၌ နှုတ်ဖွင့်ပြောကြားခြင်း နှုတ်အစား စာဖြင့်ရေးသားပြခြင်း၊ နှုတ်အစား ခေါင်းညိတ် ခေါင်းခါ ခြေကာ လက်ပြစသည့်ကိုယ်ဖြင့် အသိပေးခြင်းများသည်လည်း နှုတ်စောင့်နတ်သဖွယ်ဖြစ်သော ကြံစည်သုံးသပ်ခြင်း ဝိတက်၊ ဝိစာရတို့၏အလိုကျ လိုက်နာကြရခြင်းချည်းဖြစ်ရာ စကားပြောခြင်း အရာ၌သာ တည်စေ၏။

နှုတ်ဖွင့်၍စကားပြောဆိုခြင်း - ဝစီဝိညာတ်၊

ကိုယ်ဖြင့် စာဖြင့် စကားပြောဆိုခြင်း - ကာယဝိညာတ်၊ ထိုနှစ်မျိုးစလုံး မိမိသဘောထား သူတစ်ပါးအား ကွဲကွဲပြားပြား အသိပေးကြေညာလေ့ရှိသော ပညတ်သဘာဝ၏ ကိုယ်စားလှယ်နှစ်ဦးတည်း။



ထိုနှုတ်ထွက်စကားလုံးများသည် . . .

ဝိတက် - တစ်ဖက်အာရုံထားကို လားပေါင်းများစွာဖြင့် စိတ်ကူးယဉ်ကြည့်နေခြင်း။

ဝိစာရ - စိတ်ကူးမိရာအာရုံကို လက်လွတ်မခံ လှည့်ပတ်၍ ကြံဖန်နေခြင်း။

ထိုနှစ်ပါးတို့၏ အထောက်အခံများဖြင့် အန်ထုတ်ခွင့်ရစေကြ၏။ ထိုနှစ်ပါးတို့က မကောင်းရာဘက် နှစ်သက်နေလျှင် နှုတ်ထွက်စကားများကလည်း မကောင်းပုံ၏ သဘာဝ ဂယနဏ ကြေညာ ပေးနေမည်။

ထိုနှစ်ပါးတို့က ကာမဝိတက်ခေါ် အာရုံမျှင်မှ အာရုံရှင်အထိ လိုချင်ကြောင်း အကြံဖြစ်နေခဲ့သော် နှုတ်ဖွင့်စကားများကလည်း လိုလားသည်ချည်းကိုသာ ပြောပေးမည်။ မလိုလားစကား တစ်ပြားသားမျှ ပြောဆိုခွင့် ရစေလိမ့်မည်မဟုတ်။

ထိုနှစ်ပါးတို့က ဗျာပါဒဝိတက်ခေါ် အာရုံမျှင်ကိုရော အာရုံရှင်ကိုပါ မုန်းညိုးပြစ်မှား အာဃာတထား အကြံ ဖြစ်ပေါ်နေခဲ့သော် ဤနှုတ်ဖွင့်စကားများကလည်း မလိုလားသည်ချည်းသာ ပြောပေးရမည်။ လိုစကား တစ်ပြားသားမျှ ပြောခွင့်မရစေ။

တစ်ဖန် ထိုနှစ်ပါးတို့က လိုလား၍ဖြစ်စေ၊ မလိုလား၍ဖြစ်စေ ကြိုက်ညှဉ်း၊ မကြိုက်ညှဉ်း နှစ်ပါး တစ်ပါးပါးဖြင့် သူတစ်ဖက်သားအား ပြုစားရန်အကြံဖြစ်ပေါ်နေခဲ့သော် ဤနှုတ်ဖွင့်

စကားများကလည်း ညှဥ်းခွင့်ရရန်ကိုချည်းသာ ပြောကြားပေးနေရတော့မည်။ ထိုကိစ္စမှ တစ်ပါး အခြားပြောကြားခွင့်မရစေ။

စင်စစ် ဝစီသင်္ခါရခေါ် နှုတ်ဖြင့် ပြုစီရင်ခြင်းများသည် မနောသင်္ခါရ၊ ကာယသင်္ခါရတို့အတွက် ရှာဆော်ကြီး ဆိုလည်း ဟုတ်၏။ ဝိတက်၊ ဝိစာရတို့အတွက် ရှာဆော်ကြီးလည်း ဟုတ်၏။ သူနှင့်ကိုယ်အတွက်လည်း ရှာဆော်ကြီး လုပ်ပေးသေး၏။ ထိုနှုတ်မပါက လောကီအရာတွင် ဘာတစ်ခုမျှ အမှုပြီးစီးလိမ့်မည် မဟုတ်ချေ။

ထိုမှအပြန် သမ္မာဝိတက် ကောင်းရာဘက်များ၌လည်း အကြံထုတ်ရာကား နှုတ်သည်သာ။

✦

## ပစ္စုပ္ပန် နှုတ်ထွက်စကားနှင့် အတိတ်ကံ စိတ်အထား

နှုတ်မှစကားလုံးတို့ကို ပြုစီမံလျက်က နှုတ်ထွက်စကား ပြောကြားပေးရာ၌ အချို့ကား နှုတ်သွက်၏။ အချို့ကား နှုတ်လေး၏။

ထိုသို့ ကွဲပြားကြရခြင်းမှာ အတိတ်ကံ(ဤဘဝကို



ရစေသော ကံ) ပြုစီရင်တုန်းက သောမနဿစိတ်(ရွှင်စိတ်)ဖြင့် ပြုခဲ့ဖူးသော ကံက အကျိုးပေးလာသောဘဝတွင် နှုတ်သွက်မည်။ နှုတ်မှုမက မျက်နှာရွှင်ခြင်း ကိုယ်အမူရာ သွက်လက်ဖျတ်လတ်ခြင်းများပါ ဖြစ်စေလိမ့်မည်။

ဥပေက္ခာစိတ်(တည်စိတ်)ဖြင့် ပြုခဲ့ဖူးသောကံက အကျိုးပေးလာသော ဘဝတွင်ကား နှုတ်လေးမည်။ နှုတ်မှုသာမက မျက်နှာထားတည်ခြင်း၊ ကိုယ်အမူအရာ တည်ငြိမ်ခန့်ညားခြင်းများပါ ဖြစ်စေလိမ့်မည်။

တစ်ဖန် ထိုစကား နှုတ်သွက်ရာ၌ပင် . . .

လျှုစဉ်က သတိထိန်းပါလေသူ၏ စကားသည် အဆံကင်း အဖျင်းရော စကားမျိုးမဟုတ်တတ်ဘဲ ဉာဏ်ပါသောစကားလုံးများသာ ဖြစ်နေတတ်သည်။ သတိထိန်း မပါလေသူ၏စကားကား အရှင်နောက် အရှုတ်အနောက်တို့ကသာ များများပါလာမည်။

လျှုစဉ်က မိမိစေတနာအလျှောက် ပြုစီရင်ထားသူ၏ စကားသည် အများက မတိုက်မတွန်းရဘဲလျက်က မိမိ စိတ်ချည်း သက်သက်ဖြင့် ထွက်ကျလာမည်။ သူတစ်ပါးတိုက်တွန်းရာမှ ဖြစ်သော အလှူရှင် ဆိုက ဤ၌လည်း သူတစ်ပါးအတွန်းစောင့်၍ ပြောကြားမည်။

တည်စိတ်ဖြင့် လှူရာ၌လည်း ဤနည်းအတိုင်းဖြစ်ပြီး ကိုယ်



အမူရာများကလည်း ဤနည်းအတိုင်း နည်းမှီးသိရမည်။

ထိုနှုတ်သွက် နှုတ်လေးများ၌ပင် . . .

လှူစဉ်က သတိထိန်းမပါလေသဖြင့် လိုလားရှင်ပြခြင်း၊ လိုလားနှစ်သက်ခြင်း မကင်းသူ၏ အကျိုးပေးသည် နှုတ်သွက်လေသမျှ ကိုယ့်ဖို့လိုချင်ကြောင်းနှင့် သူ့အား လိုလားကြောင်း စကားချည်းသာ နှုတ်ရေ့ရောက်ချလာကြမည်။ စကား၏ အသံနှင့်ဟန်များကလည်း ပျစ်ခွဲ ရစ်ခွဲသံများ ပေါက်နေမည်။

လှူစဉ်က သတိထိန်းမပါလေသဖြင့် နှလုံးမသာယာခြင်း၊ မကျေချမ်းခြင်း မကင်းသူ၏ အကျိုးပေးစကား ပြောကြားခြင်း ကလည်း နှုတ်သွက်သလောက် ဒိုးဒိုးဒေါက်ဒေါက် ရှိမည်။ တစ်ဖက်သား မခံလိုရှိ ခံလိုရှိ ပြောသမျှ သူ့စကား ပိဿာလေး ဘေးပစ်ချည်း ဖြစ်မည်။

လှူစဉ်က သတိထိန်းမပါလေသဖြင့် ပျံ့လွင့်ပူပန်ခြင်း၊ ချီတုံချတုံဖြစ်ခြင်း မကင်းသူ၏ အကျိုးပေးစကား ပြောကြားခွင့်ရခြင်းကလည်း တောင်စဉ်ရေမရပမာသောစကား များများ ပြောတတ်ပြီး မပြောလိုက်နှင့် စိုးရိမ်စရာချည်း ဖြစ်နေတတ်သည်။ ပြောလိုက်၊ ရုတ်တရက် ရပ်လိုက်လည်း ဖြစ်နေဦးမည်။

သတိထိန်းမဲ့ နှုတ်သွက်သောထိုသူများ . . . အကယ်တိတိ မိမိပြောခွင့်အလှည့်မကျ သူတစ်ပါးပြောခြင်းကို နားထောင်ရမည့် အလှည့်ကျနေပါလျှင်ကား ပါးစပ်အဟောင်း

ထား ထိုပြောသူ၏စကားများနှင့်အတူ မေးရိုးချင်းရိုက်၍ လိုက်ပြောနေဦးမည်။

ထို စကားပြောခြင်း ခေါ် နှုတ်လှုပ်ရှားခြင်း၊ နှုတ်လှုပ်ရှားရန် ကြံစည်သုံးသပ်ပေးနေရခြင်းများသည်လည်း အတိတ်ကံစု ပြုစဉ်တုန်းက စိတ်ကူးကြံစည် နှုတ်ဖွင့်များ အစီအရီများကြောင့်ချည်းဖြစ်ရာ၊ စင်စစ် . . . ထိုနှုတ်လုပ်ငန်း ထမ်းဆောင်ရာ၌လည်း အတိတ်ကား ကြိုးဆွဲ၊ ဤပစ္စုပ္ပန်က ဟန်ပြ နှစ်ခုပေါင်းမှ တစ်ခွန်းကျချည်းသာ။

အချို့ပြောချင်ဆိုချင်နေပါသည်။ သို့သော် အပြောမတတ်။ အချို့ မပြောလို မဆိုလိုပါ။ သို့သော် မပြောဘဲနေ၍မရ။ ဤမြင်ကွင်းများကပင် အတိတ်ကံ လှန်ပြနေသည် မဟုတ်လော။

ဤ၌ အကြံပြုလိုသည်မှာ သင်သည် အလုပ်ကိုသာ မဲတင်းလုပ်နေတတ်ပြီး စကားနှုတ်ပိတ် ပါးစပ်တိတ်ဖြစ်စေလိုသော် လူအဖြစ်(နတ်အဖြစ်)ရောက်ရာ ယခု ကံပြုစဉ်ကပင် ပါးစပ်ပိတ်၍ ကံပြုခဲ့ပါလေ။

အကယ်တိတိ ကိုယ်ဖြင့်ရင်းရသော အလုပ်မျိုးကို မလုပ်ပါလို၊ သူတစ်ပါးတို့ အလုပ်လုပ်ရာ နှုတ်ဖြင့်သာဝင်ပါခြင်း၊ ကိုယ်တိုင်လုပ်ရာ၌လည်း အပြောသုတ်သုတ် အလုပ်နည်းနည်း လုပ်ခြင်းများ၌ ဝါသနာပါစေလိုသော် ယခုကံပြုစဉ်ကပင်



နှုတ်ဖြင့်စေ၍ ကိုယ်ကား အသာနေပေးပါလေ။ လူပြောမသန်၊ လူသန်မပြော သင်လိုရာ ရောရုံတည်း။

စကားသည် တစ်ဦးနှင့်တစ်ဦး ချစ်အောင်လည်း လုပ်ပေးတတ်၏။ မုန်းအောင်လည်း လုပ်ပေးတတ်၏။ စကားကြောင့် ပြည် ပျက်ခဲ့ရသည်များလည်း ရှိ၏။ စကားကြောင့် ပြည်ဆက်စံရခြင်း များလည်းရှိ၏။

စင်စစ် စကားသည် မိမိသဘောထား သူတစ်ဖက်သား အသိပေးရာ၌ မရှိမဖြစ်သော ဆက်သွယ်ရေးကိရိယာ မူရင်းဖြစ်ပြီး မိမိသဘောထား သူတစ်ဖက်သား ကွဲကွဲပြားပြား သိသွားတော့ခြင်းကိစ္စကိုပါ တစ်ပါတည်း ပြုကျင့်ပေးနေချေရာ ထိုစကားသည် ပညတ်နယ်ချဲ့ရာ၏ ရှေ့တန်းတပ်မကြီးတည်း။ ထိုစကားသည် ပရမတ်မြှုပ်သတ်ရာ၏ တာဝန်ခံ တပ်မှူးကြီးတည်း။

ပရမတ်ပေါ်နေရာမှ ငုတ်သွားရခြင်း၊ ပညတ်ငုတ်နေရာမှ ပေါ်ထွန်းလာခြင်းများသည် ထိုစကား၏ စွမ်းပကားချည်းတည်း။

**“ဝစီသင်္ခါ ထုတ်လွှင့်ရာ စီကာကြံပေး၍”**

✦



## စိတ်၏ကြံရည်ဖန်ရည် မှန်သမျှ
## ဝေဒနာသညာကြောင့်

မနောသည် စိတ္တဇ ဝါယောဖြင့် ပြုပြင်ပေးနေရသော ကာယ၏ ပိုင်ရှင်လည်းဖြစ်၏။ မနောသည် စိတ်ဝိတက်ဖြင့် ပြုပြင်ပေးနေရသော ဝစီ၏ပိုင်ရှင် ဆိုကလည်း မမှားပြီ။

အိပ်ပျော်နေဆဲ ကိုယ်လက်လှုပ်ယမ်းခြင်းဖြင့် ကံအထားတရားမဝင်ချေ။ အိပ်ပျော်နေဆဲ ယောင်ရမ်းပြောဆိုခြင်းဖြင့်လည်း ကံအထား တရားမဝင်ချေ။ အိပ်ပျော်နေဆဲ အိပ်မက်မက်ရုံမျှဖြင့်လည်း ကံအထား တရားမဝင်ချေ။ စင်စစ် နိုးထဆဲကာလလည်းဖြစ်၊ ဆင်ခြင်စိတ် ဝင်ဆန့်နေသည်လည်း ဖြစ်သော မနောဖြင့် ကိုယ်လှုပ် နှုတ်ဖွင့်ပြုကျင့်စေခြင်းများကိုသာ စေတနာ ထန်မထန်၊ ကံ ကြီး၊ မကြီး ဆုံးဖြတ်ရရိုး ရှိချေသည်။

ထိုမနော လှုံ့ရိုက်အားသန်ပါမှ မနောတံခါးကျော်ထွက် ဝစီတံခါးဘက် စီးလိမ့်လျက်က မနောပုံရိပ် စကားလုံးအဖြစ် တံဆိပ်ကပ်ပေးရသည်။

အကယ်တိတိ မနောလှုံ့အားကြီးသဖြင့် ဝစီဘက်သို့ စီးထွက်လာသည့်တိုင် ထိန်းမရ သိမ်းမနိုင် ဖြစ်ပါသေးမူကား ကာယ ဟူသော အန္တိမသို့ ထိုးဆိုက်စေသည်။

ထိုကာယမှာပင် ရံတစ်ခါ ခြေတို့လက်တို့မျှ၊ ရံတစ်ခါ

အတွင်းခင်း စီးချင်းထိုး၊ သို့မဟုတ် ရံတစ်ခါ ပုတ်ခတ်သည်အထိ၊ ရံတစ်ခါ ထိုးကြိတ်၊ ထိုမျှဖြင့်အားမရ နီးရာလက်နက်ဆွဲ၍ ရိုက်နှက်၊ သတ်ပုတ်၊ ထိုးခုတ်စေတော့သည်။ မနောအလိုကျ ကိုယ်က နှုတ်က လုပ်ပေးနေကြရခြင်း။

ထိုမနောကို အလုပ်လုပ်စေရာ၌ကား . . . **ဝေဒနာ** - အာရုံကို ခံစားစေခြင်း၊ အတွေ့အာရုံမှသည် အတွေးအာရုံအထိ။ **သညာ**-အာရုံကို ပုံရေး၍ မှတ်သားထားခြင်း၊ မူလရုပ် လက်ငုတ် မပျက်စေရန်၊ ထိုနှစ်ပါးတို့က တာဝန်ခံရသည်။ ခံစားခွင့် ပေးနေခြင်းက နှလုံးသွေးအိုး လှုပ်နှိုးစေသည်သာ။ မှတ်သားပေးနေခြင်းက အခုဆိုရှေ့တိုး၊ နောင်ဆို အကြံထုတ်ဖို့ရာ။ စိတ်သည်ပင် လမ်းပြ၊ စိတ်သည်ပင် အမြတ်ကြီးစား၊ စိတ်သည်ပင် အလိုပြီးစေခြင်းသမား။

ထိုသုံးမည်ရ မနောသည် ထိတွေ့ခြင်းဖြင့် လာရောက်စပ်ဟပ်နေကြသော အာရုံတို့၏ သဘောကို တီးခေါက်ကြည့်ခြင်း၊ ခွဲခြမ်းပေးခြင်း၊ ဆုံးဖြတ်ချက် ချပေးခြင်းများဖြင့် အစစအရာရာ စီမံခန့်ခွဲမှု ပေးတတ်ချေရာ၊ မနောကို လုံး၍ အသုံးချတတ်သူများ ဘဝအနေလှ၍ အသေလည်း ကျနစေမည်။ မနောကိုဖြန့်ကြဲ၍ အသုံးလွဲနေသူများ ဘဝလည်းအခြေမကျ အသေလည်းမလှပပြီ။

တစ်ဖန် ထိုမနောကို တာဝန်ခံနေကြရသော ခံစားသိ ဝေဒနာ၊ မှတ်သားသိ သညာတို့တွင်. . . **သညာ**-အမှတ်များ



နေသူများ၊ မနောရော အယူဝါဒတို့ ကပါ မှားယွင်းသွားတော့ရာ ဘဝလည်း အကျနာ၊ သေရာမှာလည်း အကျ နာစေပြီး . . .။ အကယ်တိတိ သညာက အမှတ်မှန်နေပါမူကား မနော၊ အယူဝါဒ တို့လည်း မှန်၍ချည်း လာစေကာ ဘဝလည်း အခြေတင့်၊ သေသော်မှ သေပန်းပွင့်နိုင်သည်။ ဝေဒနာကား ခံစားပေးရုံ မှတစ်ပါး သူ့သတ္တိ အခြား၌မရှိပြီ။

အာရုံတို့သည် တစ်ခုမဟုတ် တစ်ခုက လာတိုက်နေကြ၏။ သို့သော် အိပ်မောကျချိန်ဖြစ်နေက စိတ်သည် အလုပ် မလုပ်ချေ။ တစ်ဖန် နိုးထချိန်ဖြစ်နေသော်မှ ဆင်ခြင်စိတ် မဝင်က စိတ်သည် အလုပ်မလုပ်ချေ။

ထိုဆင်ခြင်စိတ်သည် ဘဝင်လေကို လှုပ်စေခြင်း နှလုံးသွေး ခုန်လာစေခြင်းဖြင့် စိတ်ကို အသက်သွင်းပေးရချေရာ ဆင်ခြင်စိတ် ကင်းမဲ့သော အာရုံခံတံခါး (မျက်စိ စသည်)များသည် ဟောင်းလောင်းပိတ်ချည်း ဖြစ်နေပေရော့မည်။ သို့မဟုတ် မြင်ရုံသာရှိ အသိပါတော့မည် မဟုတ်ချေ။ ထိုပင်ကိုယ်သိ မဝင်ပါက ဝေဒနာသည်လည်း အာရုံ ခံစားရကောင်းမှန်း သိတော့မည်မဟုတ်။ သညာသည်လည်း ရိပ်ဖမ်းသံဖမ်း မှတ်တမ်းတင်ခွင့် ရတော့မည်မဟုတ်။

စင်စစ် ထိုမဟုတ် ဤမဟုတ်တို့သည်. . . စိတ်ကိုပြုပြင် ပေးနေကြရာသည် ဝေဒနာနှင့် သညာက ဆိုသော်လည်း၊ ထို



ဝေဒနာ သညာများသည်လည်း ဝီထိခေါ် စိတ်၏သွားလမ်း ခရီးစဉ် ဖြစ်သော ဘဝင်၊ ဘဝင် စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရ၊ မနောဒွါရ၊ ဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ အမည်ခံယူ ထားကြရာ . . . ဖြစ်စဉ်တစ်ခု၏ ပုံစံဖော် ဘဝင်လေ မပါက အာရုံမယူနိုင်။ ထိုဘဝင်လေ လှုပ်ရှားမှုကင်းမဲ့နေကလည်း ပုံစံမဖော်နိုင်။ ထိတွေ့ရာ အာရုံတစ်ခုတွင် ဆင်ခြင်စိတ်မသွင်းကလည်း ခံစားခွင့်မရ။ ဆင်ခြင်မိရာ အာရုံစဉ် ဆံမျှင်မပြတ် စောင့်ဆိုင်းမနေကလည်း ခံစားခွင့်မရ။ စောင့်ဆိုင်းရာမှ မိလာသောအာရုံကို ကောင်း မကောင်း မဆုံးဖြတ်မိကလည်း မှတ်သားခွင့်မရ။ ကောင်း မကောင်း ဆုံးဖြတ်ပြီးအတိုင်း ခံစား မပေးပြန်ကလည်း မှတ်သားခွင့်မရ။ ခံစားပေးပြီးတိုင်းကို တစ်ဖန် မှတ်သားထားခြင်း မရှိပြန်ကလည်း တစ်ဖန် ခံစားခွင့် မရချေပြီ။

ဤစိတ်သွားလမ်း ဝီထိခေါ် စိတ်ခရီးစဉ်ကိုကြည့်သော် စိတ်ဖြစ်ဖို့ရန် ဝေဒနာ၊ သညာတို့က လှုံ့ဆော်ပေးနေကြရပြီး ထိုဝေဒနာ သညာတို့ ခံစားသိ မှတ်သားသိဖြစ်ပေါ်လာရန်ကိုကား . . . သူ့အာရုံ သူ့ပုံထား သူ့ဆိုင်ရာတံခါးများနှင့် တေ့ဆိုင်ပေး ထားရပါမည်။ ခန္ဓာတွင်းရှိ ဘဝင်လေလှုပ် ဆင်ခြင်ခြင်း အလုပ် ကလည်း လုပ်ပေးရပါဦးမည်။

သို့မှသာ ရုပ်နှစ်ခုထိ အသိတစ်ချက်ပေါ်နှုန်းတို့ဖြင့် ဝေဒနာ သညာများကလည်း သန်သန်လှုပ် စိတ်မနောကလည်း

အကြံဖန်ထုတ်ဖြစ်တော့သည်။

အကယ်တိတိ အာရုံနှင့် အာရုံခံခေါ် ရုပ်နှစ်ခုထိတို့က လက်ငင်းမဟုတ်။ ပြီးခဲ့ပြီး အတိတ်၊ မလာသေးသော နောင်ဖြစ်နေချေသော် စိတ်အာရုံတွင် အဆင်သင့်ရှိနေသော သဘောငွေ့ အရိပ်ကိုသာ ခံစားပေးခြင်း၊ မှတ်သားပေးခြင်းဖြင့် မနောခေါ် ကြံစည်စိတ်ကူးစိတ် ဖြစ်စေလိမ့်မည်။ ထိုစိတ်သည် ဝေဒနာ၊ သညာ မပါဘဲနှင့် ကြံစည်ဖြစ် စိတ်ကူးဖြစ်သည် မရှိချေ။

**"မနော သင်္ခါ၊ ကြံတွေးရာ၊ ဝေဒနာ သညာတည်း။"**

✦

## လောကကြီးကို ဖန်ဆင်းနေသူသည် စိတ်

လောကကြီးကို တည်ဆောက်ပေးနေသူမှာ စိတ်။

လောကကြီးကို ဆွဲငင်ထားသည်မှာလည်း စိတ်။

လောကထဲရှိ အရာအားလုံး ထိုစိတ်၏အလိုကို မလွန်ဆန်နိုင်။ (စိတ်ကိုအထွဋ်တပ် ဟောထားသော စိတ္တဝဂ်မှ ဂါထာတစ်ပုဒ်။)

တစ်ဖန်လည်း ဘဝလမ်းထား ရှေ့သွားအဖြစ် တာဝန်ယူ



ရပြီး သူ့အလိုအတိုင်းသာ ပြီးစီးစေရသော ထိုစိတ်သည် သမ္မာအပြည့် အာဏာရှိကြီးပင်ဖြစ်ရာ. . . သင်သည် မကောင်းစိတ်ဖြင့် ကိုယ်လှုပ် နှုတ်ဖွင့် မကောင်းကျင့် ကျင့်ပါအံ့။ မကောင်းစိတ်ပါ ထိုမကောင်းကျင့် စေတနာသည် ဝန်ရုန်းနွားး၏ သွားရာလမ်းတစ်လျှောက် ဝန်တင်လှည်းဘီးကြီး တကောက်ကောက် နင်း၍လိုက်နေသည်ပမာ ဒုက္ခဖြစ်ရေး မကောင်းသောအကျိုးပေးများကလည်း နောက်ယောင်ခံ တန်ပြန်နေမည်သာ။

သင်သည် ကောင်းစိတ်ဖြင့် ကိုယ်လှုပ် နှုတ်ဖွင့် ကောင်းကျင့်ကို ကျင့်ပါအံ့။ ကောင်းစိတ်အောင်းရာ ထိုကောင်းစေတနာကလည်း လူသွားရာ၏နောက် လူရိပ်သည် တကောက်ကောက်ထိုး၍ မိုးပေးနေသည်ပမာ သုခဖြစ်ရေး ကောင်းသော အကျိုးပေးများကလည်း တန်ပြန်လှုံ့၍ တုန့်ပြန်နေမည်သာ။ ဤသည်မှာလည်း စိတ်အထွဋ်တပ် ဟောထားသော ဂါထာ တစ်ပုဒ်ပင်။

ကိုယ်နှင့်စိတ်သည် လူဖြစ် လူစိတ်၊ ခွေးဖြစ် ခွေးစိတ်ပမာ သဟဇာတပစ္စည်းဖြင့် အတူဖြစ်ကြသည်လည်း မှန်၏။ ကိုယ်အလုပ် စိတ်ကူ၊ စိတ်အလုပ်ကိုယ်ကူ အညမည ပစ္စည်းဖြင့် အချင်းချင်း အပြန်အလှန်လည်း မှန်၏။

သို့တစေလည်း ထိုအမှန်ထဲမှ ဆန်တက်လာသည်မှာကား နွားနှင့်နွားရှင်ပမာ ကိုယ်သည် စိတ်အလိုကျ လိုက်ပါပြုကျင့်နေရခြင်း၊ သူ့ထံရှိ တံခါးငါးချပ်၌ တပ်ထားသော မြင်သိ ကြားသိ



စသည်များကလည်း အာရုံယူခွင့်မရ၊ အဗျာကတ ဖြစ်နေတော့ခြင်းများကြောင့် အရာမမြောက် နောက်လိုက်မျှသာ။ စိတ်သည်သာ အညာ၊ စိတ်သည်သာ အခရာ။

ထိုရှေ့သွားဖိုလ် မနောကိုယ်ကပင် ရုပ်ကိုယ်ကို အရုပ်ကလေးလို ကြိုးဆွဲမည်။ ထိုရှေ့သွားဦးချီ မနောရည်ကပင် ဝစီကိုလည်း စကားပြောခွက်သို့ အသံထွက်စေမည်။

ထိုမနောသည် ပစ္စက္ခမျှမက ရှေ့ရောက် နောက်ပြန်တို့ဖြင့် ကာလသုံးပါးစလုံးကိုလည်း ပိုင်ဆိုင်သည်။ သညာအကူဖြင့် အာရုံကို သိမ်းဆည်းထားနိုင်ခြင်း၊ သိမ်းဆည်းထား အာရုံများကို ထုတ်သုံးပိုင်ခွင့်ရှိခြင်းများနှင့်အတူ ပက်ပင်းတွေ့ကိုလည်း အရသာခံနိုင်ပြီး ပြီးပြီးများကိုလည်း လှန်လှောကာ အရသာခံပိုင်ခွင့်ရှိသည်။ ကာယမှာမူကား ပက်ပင်းတွေ့ တော့ပေးရုံမျှသာ အခွင့်ရှိပြီး တော့ပေးပြီးနောက်လည်း စင်းခံပေးရုံသာ။ ဝစီမှာလည်း မနောဖိုလ် အရသာခံခွင့်မရသေးမီ မနောအလိုကျပြောပေးရ ဆိုပေးရဖြင့် တော့ဆိုင်ပေးရပြီး တွေ့ကြုံပြီဆိုသည်နှင့် ရှောင်ပေးရတော့သည်သာ။ သို့ကြောင့် မနောသည် အခရာ။

တစ်ဖန် စေတနာထား မျိုးစေ့ မျိုးပွားအဖြစ် တစ်ဘဝမှ တစ်ဘဝသို့ ကူးယူစိုက်ပျိုးရာတိုင်းတို့၌လည်း ဝေဒနာ တဏှာမှသည် ဥပါဒါန်ဘဝသို့တိုင် ထိုမနောကပင် ဦးဆောင် အကောင်ထည်ဖော်ခွင့် ရစေသောကြောင့်လည်း မနောသည် အခရာ။

ထိုအညှာကိုင် မနောကပင် စိတ္တဇ ဝါယောရုပ် လေတို့ဖြင့် လှုပ်နှိုးစေကာ ရုပ်ကိုယ်ကြီးကို လိုသလို လျောင်း၊ ထိုင်၊ ထ၊ သွား ခိုင်းစားနေပါသည်။

ထိုအညှာကိုင် မနောကပင် ဝိတက်၊ ဝိစာရစျာန်စိတ်ပါ တို့ဖြင့် ထိုးဖွင့်ကာ နှုတ်ကိုယ်ကြီးကို ကောင်းသတင်း ဆိုးသတင်း အတင်း ပြောစေပါသည်။

ယနေ့ လူ့လောကသားအားလုံး . . . အာရုံစားကလည်း အားလွန်၊ အာရုံထားကလည်း အားလွန် ဖြင့် နယ်ကျွံ ရွယ်ကျွံ အလည်လွန်နေခြင်းများသည် မနောစိတ် မထိန်းနိုင်ကြတော့၍ ပင်။

ထိုမနောစိတ် ထိန်းမရကြတော့ခြင်းသည် ၎င်း၏ လက်ပါးစေဖြစ်သော သညာက အမှားမှတ်ပေးရာမှ အမှားကြည့် အမှားသိချည်း သိနေကြတော့၍ပင်။

သညာက အမှတ်မှား၊ စိတ်က အသိမှား အကြည့်မှား နေသမျှလည်း စိတ်လှုံ့ဆော်ရာ ဝေဒနာခံစားတိုင်း တဏှာရမ္မက် သို့ချည်း သက်နေတော့မည်။

တဏှာရမ္မက်သို့ သက်နေသော ထိုလူသား . . . ကာယ ကို လှုံ့ဆော်ရာ လေကိုရှူ၍ ရှိုက်၍၊ ထိုကိုယ်အား လှုံ့ဆော်လေ တိုင်းလည်း အသက်ရှူပြင်းနေမည်။ အသက်ရှူ ပြင်းသလောက်



လည်း ပြင်ပသို့ သရုပ်လုပ်ပြရာ ကိုယ်အမူရာများ မငြိမ်မသက် ကလက်နေတော့မည်။ ကြောင်ခံတွင်းပျက်၏ရှေ့ ဇရက် တောင်ပံကျိုး တိုးပြေးနေသည့်ပမာပင်။

တဏှာရမ္မက်သို့ သက်နေသော ထိုလူသား . . . ဝစီကို လှုံ့ဆော်ရာ၏ ကြံစည်သုံးသပ်ခြင်း (ဝိတက်၊ ဝိစာရ)များက လည်း ကြံစည်မိတိုင်း သုံးသပ်မိတိုင်းလျှင် တစ်ဖက် အကောင်း မြင်နှင့် ကိုယ်လိုချင်ရာချည်း အတွေးမိနေတော့မည်။ သူ့သို့ အကောင်းမြင်၍ ကိုယ့်ဖို့လိုချင်နေပြီဖြစ်သော ထိုလူသား၏ နှုတ်ဖွင့်စကားများကလည်း . . . ကိုယ့်ဘက်သို့ စိတ်ဦးတည် ပေးက ရေလာမြောင်းပေး ကြိုဆိုရေးစကားဖြစ်မည်။ သူ့ဘက်သို့ စိတ်ဦးတည်ပေးက မြှောက်ထိုးပင့်ကော် လော်မာ စကားချည်း ဖြစ်ပေါ်စေမည်။

မချိုမချဉ်မျက်နှာထား၊ မရှက်တမ်းစကား၊ ကလက်သော အမူရာများဖြင့် ထုံမွှမ်းထားသော ထိုလူသား သူ့ရှိ မနောအသွား နှင့် သဘောထား မှားယွင်းနေပြီဖြစ်ကြောင်း အများသို့ အကြောင်းကြားနေခြင်းပင်တည်း။

တိုးတက်ခြင်းကိုဖြစ်စေသော တက်ခေတ်ကို သတိယှဉ် သီလက တာဝန်ယူပါသည်။ ဆုတ်ယုတ်ခြင်းကို ဖြစ်စေသော



ဆုတ်ခေတ်ကိုကား သညာတင် တဏှာက တာဝန်ယူပါမည်။

ထိုသို့ တက်ခြေ ဆုတ်ခြေတို့ အခြေကွဲ အနေကွဲ ဖြစ်နေ ကြချေရာ သညာအမှတ်ဖြင့် အစွဲသိတို့ကသာ ကြီးစိုးနေသော ဤလို ဆုတ်ကပ်ကြီးထဲ၌ . . . "မနောအခံ အာရုံမှန်ထားပေး ကြပါ" နှိုးဆော်၍ ရမည်မဟုတ်တော့ပြီ။ "တည်ကြည်ငြိမ်သက် သိက္ခာများလည်း ဖက်ကြပါ" တိုက်တွန်း၍ မရနိုင်ရာပြီ။ ဆေး ဘယ်လောက်စွမ်းစွမ်း ရောဂါကျွမ်းကို မလွှမ်းမိုးနိုင်တော့သည့် ပမာတည်း။

**"စိတ္တ သင်္ခါ ပြုပြင်ရာ၊ ကိုယ်မှာ လိုက်ရမဲ့"**

✦

## လူဆိုးကြီးသုံးယောက် ကြားမှ ကစားသမားများ

လူသားတို့ကို ပြုပြင်ပေးရာ သင်္ခါရတရားများ၌ ကံကို စိတ်က လွှမ်းမိုးမည် (စိတ်အလိုကျ ကံသုံးစုံ နေရာ ချပေးခြင်း)။ အာဟာရကို ဥတုက လွှမ်းမိုးမည် (ဥတုမှီ၍ အာဟာရဖြစ် ထွန်းခြင်း)။ ထိုသို့ နှစ်တွဲရှိချေရာ မိုး၊ ဆောင်း၊ နွေ ဥတုသုံးပါး တို့၏လက်တွင်းရှိ သတ္တဝါ၊ ၎င်းတို့အသုံးအဆောင်၊ ထိုနှစ်ခုတို့

မှီခိုရာ မြေ၊ ရေ၊ လေ၊ မီး၊ ထိုလောကသုံးပါးစလုံး ဥတု၏အစီအမံ အတိုင်းသာ ဖြစ်တည်လာခြင်း၊ ချုပ်ပျောက်သွားခြင်း ဖြစ်ခွင့်ရှိသည်။ ဥတုကိုလွန်ဆန်၍ မည်သည့်လောကမျှ ရပ်တည်ခွင့်မရှိ။

သို့ဆိုသော် လူနှင့်ထိုလူသား၏အသုံးအဆောင်များတွင် တစ်ခုအဝင်အပါဖြစ်သော အစာအာဟာရများသည်လည်း ဥတု၏အစီအမံအတိုင်းသာ ဖြစ်ခွင့်ရှိလာမည်။

သို့ကြောင့် ဥတုသည် ပြင်းသော အပူလွန်ဘက်သို့ သက်ခဲ့လျှင် ရေသည် ခန်းခြောက်၍ မြေသည်လည်း အဆီဓာတ်ဆုတ်ယုတ်သွားတော့ရာ ထိုရေ၊ ထိုမြေမှီ သီးနှံစသည် အာဟာရများ ကြမ်းတမ်းလာမည်။

တစ်ဖန် အဆီဓာတ်ခန်း ကြမ်းတမ်းလှသော ထိုအစာစားလူသားများလည်း အကြောများ မာကြောလာခြင်း၊ အကြိတ်အဖုများ ကြီးထွားလာခြင်းများနှင့်အတူ စိတ်ကြမ်း ကိုယ်ကြမ်း နှုတ်သရမ်း လာကြတော့မည်။

တစ်ဖန်လည်း ထိုအကြမ်းသမား ကိုရမ်းကား၏ အမူအကျင့် ခေါ် ကိုယ်လှုပ် နှုတ်ဖွင့် ကံအဆင့်ဆင့်များကလည်း ကြမ်းတမ်းရာထက် ရက်စက်မှုကပါ ထပ်ပိုးဝင်လာပေရော့မည်။

ထိုအခါ ဥတုများကလည်း အကြမ်းထက် အကြမ်း လူတို့ကို လွှမ်းမိုးလာတော့ရာ. . . ဆောင်း၏အေးချမ်းခြင်းကလည်း စိမ့်သက်သော အအေးတွင် ခိုက်တုန်သော အချမ်းဖြင့် ရောမွှေ



ထားသော အေးချမ်းခြင်းပင်။ နွေ၏ပူပြင်းခြင်းကလည်း ဆွေ့ခုန်သောအပူတွင် ထိုးဆွသော အပြင်းဖြင့် အပြိုင်ပေးထားသော ပူပြင်းခြင်းပင်။ မိုး၏ပူအိုက်ခြင်းကလည်း ပူရာတွင် အအိုက်ဆင့်မှက်၊ ခြင်၊ ယင်တို့၏ကိုက်ခဲခြင်းများစွာဖြင့် ရောင်စုံဖမ်းထားသော ပူအိုက်ခြင်းပင်။

တစ်ဖန် ထိုဥတုဒဏ် ခံယူရန် အဆင်သင့်ရှိနေကြသော လူတို့ဘက်မှာလည်း နွေခေါင်ခေါင်၏ ကျတ်တီးပြောင် ပေါက်ရောက်လာသော မြက်ပင်ပမာ။ အဆီမပါသော အစာများကို ချည်း စားသုံးနေရ၍ ဖွံ့ဖြိုးမှု အားနည်းနေရပါသည်အထဲ ဥတု၏ ထိုးဆွ လှုံ့ဆော်ခြင်း၊ တစ်ဖက်အာရုံ၏ ထိုးဆွ လှုံ့ဆော်ခြင်းများကြောင့် စိတ်ကလည်း စောစောထ ကိုယ်ကလည်း စောစောသွေးချတို့ဖြင့် ဖို၊ မ ကစားပွဲအရွယ်ငယ်ငယ်ဖြင့် တွဲတော့ရာ အရွယ်အရပ်များလည်း မတက်သာကြပြီ။ ခုခံအားလည်း ခံနိုင်ရည်မရှိပြီ။ သို့ကြောင့် ကိုယ်လို့၍ စိတ်ညှံ့ဖြစ်လာနေကြပြီ။

ထိုသို့ ဥတုက ထိုးစစ်ပြင်း၊ ကိုယ်ကာယက ခံစစ်ပျက် နေချိန် မျိုးဝယ် လူသည် ဆောင်း၏အထောင်း ကောင်းကောင်းကြီး ခံရလေသောအခါ ထိုဆောင်းကို ပြောင်းပြန်လှန်ပေးသော နွေကို လွမ်း၍ တမ်းတချေ၏။ “ဆောင်းနှယ်နော် ချမ်းလိုက်တာ လွန်ကရောပဲ။ နွေဘက်ကိုပဲ မြန်မြန်ရောက်စေချင်လှပါပြီ။” ထိုစကား ဆောင်းကြားသွားချေရာ “အေး . . . ရှိပါစေဦးပေါ့။



ငါ့ အကြောင်း မကောင်း ပြောတဲ့ သည်လူ နွေဘက်အကူးခိုင်းလိုက်ရဦးမယ်။” ဤသို့လည်း ကြိမ်း၏။ တပေါင်းရောက်လျှင်ပင်မိမိတာဝန် ဆောင်းကိုဖြုတ်၍ နွေလက်သို့လည်း ထိုလူသားဝကွက် အပ်လိုက်လေပြီ။

နွေကား သူ့လက်သို့ရောက်စလူသား လန့်ဖျပ်မသွားစေရန် အစသော် ညအေး နေ့ပူမျှဖြင့် ညှဥ်းဆွဲ ဆွဲထားသေး၏။ သူဆွဲရာနောက်မေ့လိုက် မေးလိုက်ဖြင့် သူ့အား အကြိုက်ကျသွားရာအခါတွင်ကား နေ့တွင် ကျောကော့အောင် ပူစေပြီး ညတွင်ကား အဝတ်မကပ်သာအောင် ပူစေတော့၏။ နေပူရာလေမှောင့်အားဖြင့် လေကလည်း နေပူအောက်မှ တောက်လျှောက်ပြေးဝင်လာကာ အပူတိုက် အကူတိုက် ဝင်တိုက်ပေးသေးရာ. . . နေပူပြင်းက အရိပ်ခို လွတ်သေး၏။ လေပူခြင်းကား အရိပ်ကြို အရိပ်ကြား ကိုယ်ခန္ဓာပင် ထားစရာ မရှိပြီ။ “အမလေး ပူလိုက်တာကလည်း လွန်ကရောပဲ။ ငရဲပြည်ရောက်နေတာသား ကျလို့။ မိုးရွာစေချင်လှပါပြီ။ မိုးမရွာတောင် ဆောင်းတွင်းလို နေရရင် တော်သေး။”

ထိုစကားကိုလည်း နွေမင်းကြီး ကြားသွားတော့ချေရာ “နေနှင့်ဦး၊ ဒင်းတို့ ငါ့ထက်ဆိုးတဲ့လူ မတွေ့သေးလို့ ငါ့ မကောင်းကြောင်း ပြောနေတာ။ ငါ့ထက်ဆိုးနဲ့ တိုးမိရင် ဒင်းတို့ ငါ့ကိုပဲ ပြန်တစေရမယ်၊ ဟင်း. . .။” ဤသို့လည်း ကြိမ်း၏။ ကဆုန်

နယုန်ရောက်သည်နှင့် မိုးလက်သို့လည်း ထိုးအပ်၏။ လူတို့ကား မိုးကျပြီ ဆိုသည်နှင့် ပျော်ကြလေပြီ။ နွေအကြောင်းလည်း မတွေးမိကြပြီ။

သို့သော် ထိုအပျော်ကား ကြာကြာမခံပါလေ။ မိုးသည် ပူကျက်နေသောမြေကိုလည်းကောင်း၊ ပူကျက်နေသော ကျောက်တောင် စသည်များကိုလည်းကောင်း၊ သွားရောက် စိုစွတ်မိစေတော့ရာ မြေအောင်းပူများ ထကြွဆူပူကြလေသဖြင့် မိုးအေးသို့ရာသီမလိုက် ပူအိုက်သို့သာ စိုက်ကျသွားတော့သည်။ အေးမလားလို့ မိုးနောက်လိုက်၊ မိုးအိုက် ပိုက်မိလျက်သား ရှိချေပြီ။

ထိုမိုးနှင့်အတူ အိုက်ခြင်း၊ ပူခြင်းများ ပါလာသည်သာမက မှတ်၊ ခြင်၊ ယင်များကလည်း တစ်စခန်းထကြ၏။ လူမနေသာ၊ နွားမနေသာ ထွန်ကြ၊ ယက်ကြရ၏။ သူမနေသာ ငါမနေသာ စိုက်ကြ ပျိုးကြရ၏။ သို့ကြောင့် မည်သူ့ကြည့်ကြည့် လူရုပ်ပင်မပီသချင်ပြီ။ တစ်နွေလုံး ပြင်ဆင်ခဲ့ရသမျှသော အလှများဘယ်ရောက်မှန်း မသိပြီ။ နွားကလည်း ဂျိုးဂျိုးကျ၊ လူကလည်း လူလုံးမလှဖြစ်ကြလေသော ထိုအခါ “ကိုရင် လူမထွက်နဲ့နော် လူထွက်ရင် တပည့်တော်တို့ကိုသာ ကြည့်၊ အခု တပည့်တော်တို့ သည်လိုဒုက္ခတွေ့နေတာ ရှင်ဘဝက ထွက်ခဲ့မိလို့။” ဤကား မိုးတွင်းကာလ ရွာသားတို့ ဘုရား၏သား ရှင်များနှင့် တွေ့သော အခါ ပြောစကားတည်း။



ဤသို့ဖြင့် အာရုံငါးပါး တောက်ဇယ် ခုတ်ဇယ်များဖြင့် အချင်းချင်းကစားနေကြသော လူ့လောကသားအားလုံးတို့အား ဥတုသုံးပါးသည် တစ်ခုပြီး တစ်ခုဆက်ဖြင့်လည်းကောင်း၊ တစ်ခုထက်တစ်ခုသာ အားဖြင့်လည်းကောင်း၊ လွှမ်းမိုးအနိုင်ကျင့်နေကြလေရာ ဥတုကြောင့်ဖြစ်သော ရုပ်၊ ဥတုထိုးသုတ်သဖြင့် ငယ်ရာမှ ကြီးထွားလာခဲ့ကြရပြီ။ ဥတုကြောင့် ဖြစ်သောရုပ်၊ ဥတုထိုးသုတ်သဖြင့် ကြီးရာမှ အို ပြိုခဲ့ရပြီ။ ဥတုကြောင့် ဖြစ်သောရုပ်၊ ဥတုကပင် ထိုးသုတ်နေသဖြင့် ပြိုရာမှပြေ သေခဲ့ကြရပြီ။ ဥတုဆိုးကြား သွားရောက်ကစား ဥတုဝါးဖတ်ဖြစ်မှာကား မြေကြီးလက်ခတ် မလွဲပင်။

လူတို့သည် ကံဖြစ်လျှင် ကောင်းမှုကြိုက်၏။ အစာဖြစ်ခဲ့လျှင်လည်း ကောင်းသည်ကိုသာ ကြိုက်၏။ သို့တစေလည်း ကံကိုကောင်းစေသော စိတ်ထားကောင်းကိုကား မမွေးမြူကြပြီ။ မွေးမြူဖို့နေနေသာသာ စိတ်ကောင်းမှ ကံကောင်းသည်ကိုပင် မသိနိုင်ကြပြီ။ အစာကိုကောင်းစေသော ဥတုကောင်းကိုကား မမွေးမြူကြပြီ။ မွေးဖို့နေနေသာသာ ဥတုကောင်းမှ အရသာပြည့်သည်ကိုပင် မသိနိုင်ကြပြီ။

သင်္ခါရခေါ် သတ္တဝါတို့ကို ပြုစီရင်ခြင်း ပြုပြင်ခြင်းများ ဖြစ်စေရာ၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဤအကြောင်းခံတရားလေးပါးတို့ပင်ဖြစ်ရာ ကံကိုစိတ်ကဆောင်၍ (စိတ်အကြံဖြင့်



မနော၊ ကာယ၊ ဝစီကံများဖြစ်စေခြင်းကိုရည်၍) အာဟာရကို ဥတုက ဆောင်နေပါသည်။

ကိုယ်လှုပ်၊ နှုတ်ဖွင့်ကံ အတွင်းစိတ် အကြံ၏ခေါ်းစာခံတည်း။ သြဇာသတ္တိ အရသာအရှိ ဥတုခိုး၏ စီမံလှည့်တည်း။ တစ်ဖန် ဥတု၏သာယာခြင်း၊ လှပခြင်းများကိုကား ကံ ကပင် တာဝန်ယူရပြီ။

ကံခေါ် လူတို့၏ကိုယ်ကျင့်မကောင်းသောအချိန် အကျင့်မကောင်းတို့ စုဝေးနေထိုင်ရာဒေသ များတို့၏ ဥတု ဖောက်ပြန်မည်။ (အယ်လ်နီညိုတို့ညီအစ်မ အဘယ်နေရာကစ၍ ဖောက်ပြားနေသနည်း)

တစ်ဖန် ထိုဥတု ထိုကံတို့အပေါ်၌ကား . . . မကောင်းညဥ် ကိုယ်ရဖို့လောက်သာ သိနေသော အသိရှိလေသူသည်၊ မကောင်းကြံ ကိုယ်ရပေါက်ရလမ်းကိုချည်း ကြံတွေးနေရော့မည်။ ကိလေသာ အပူခံထားသော ထိုမကောင်းကြံကြောင့် မီးခဲများ ရဲရဲငြီး အတင်ခံထားရသော မီးအိုးကင်း မီးပူသလို ပူနေပါသည်ပမာ၊ ထိုသူ၏ အတွင်းနှလုံးသားနှင့်တကွ ကိုယ်ကာယ တစ်ခုလုံးလည်း ပူပြင်းနေတော့ရာ၊ ထိုအပူလှိုင်းများ အသက်ရှူရှိုက်ရာ အကြားမှလည်း ကမ္ဘာတစ်ခွင် လွင့်စင်နေပါသည်။စကား နှုတ်ဖွင့် ထုတ်လွှင့်ရာ အကြားမှလည်း ကမ္ဘာတစ်ခွင် လွင့်စင်နေပါသည်။ ခြေယမ်းလက်ဝှေ့ ခန္ဓာရွှေ့ပြောင်းရာ အကြားမှလည်း

ကမ္ဘာတစ်ခွင် လွှင့်စင်နေပါသည်။ ဤလူစားမျိုး ဆယ်မှရာ ရာမှထောင် ထောင်မှသောင်း သိန်း သန်းတို့အထိ စုပေါင်းနေထိုင်ရာ ဒေသမျိုးဖြစ်ပါမူကား ဥတုကား ဖောက်ပြန်ပေးရတော့မည်သာ။

အထက်ပါတို့ကို ဆက်စပ်လေ့လာသော် ဥတုကိုမှီ၍ အာဟာရ ဖြစ်ပေါ်နေရပါခြင်း၊ ကံကိုမှီ၍ ဥတု ဖြစ်ပေါ်နေရပါခြင်း၊ စိတ်ကိုမှီ၍ ကံဖြစ်ပေါ်နေရပါခြင်း ဟူသော အကြောင်းလျှင် အကြောင်း၊ ကောင်းလျှင်လည်း ကောင်းခံ၊ ဆိုးလည်း ဆိုးခံ၊ အာမခံထားရပါသည်ကို လေ့လာသိရှိနိုင်ကြပြီ။ သို့ဆိုသော် ထိုအားလုံးတို့၏ အချုပ်သည် စိတ်အလုပ်ပင် မဟုတ်လော။ သို့ဆိုသော် အရာရာကို စိတ်ကပင် တည်ထောင်ပြီး စိတ်ကပင် ဖျက်ဆီးနေသည် မဟုတ်လော။

ဤဆိုခဲ့ပြီး ဥတုဆိုးတို့အကြား လူတစ်ဦးတစ်ဦး၏ ကစားခြင်းများ၌လည်း စိတ်ကစားရာ ကံပေါ်၊ ကံပေါ်ရာ ငါးပွက်၊ ဥတုလည်း ပျက်၊ အစာလည်းပျက်ပင်ဖြစ်ရာ စိတ်ဆန်းသော သင်္ခါရအသင်းဝင် တီထွင်ရှင်များ၏ စိတ်ကူးဖြင့်ပင် ၎င်းတို့အကောင်ထည်ဖော်ရာ ကံ အသုံးပြုကိရိယာများကို တောခုတ်၊ တောင်ဖြို၊ မြေကိုကျင်းယက် သဘာဝထားပစ္စည်းများကို ဖျက်ဆီးမိသဖြင့် မြေကြောများပျက် မြေဆီများလည်း တက်မဖြစ်တော့။ သစ်ရိပ်တောရိပ်များဖြင့်လည်း မြေအေးအေး အဖြစ်



သိပ်မထားနိုင်တော့။ မိုးကိုသယ်ဆောင်လာသော လေကိုစုပ်ချုံရန် သစ်ညွန့်ဖူးဖျားများလည်း မရှိတော့။

ထိုအခါ ရာသီမမှန်၊ ဓမ္မတာမမှန်ခြင်းများနှင့်အတူ ဥတုသည် နိယာမဓမ္မတာတို့၏ထုံး လက်တစ်လုံးကြား သုံးလျက်ကသာ လူတို့ကိုပြုပြင်ပေးနေပါသည်။ ထိုလူသား ဥတုနှင့်နင်လား ငါလား ကစားနေပါပြီ။

ဥတုရှိ လေတိုက်နှုန်းသည် ပြင်းလိုပြင်း၊ ပျော့လိုပျော့ဖောက်နေ၏။ လူ့အမူအရာများလည်း တက်လိုတက်၊ ကျလိုကျဖောက်နေပါ၏။ ဥတုရှိ အာဟာရသည် ပျော့လိုပျော့ မာလိုမာဖောက်နေ၏။ လူ့စရိုက်များလည်း လျော့လိုလျော့ တင်းလိုတင်းဖောက်နေပါ၏။

ဤသို့ ကွန့်၍ လွန့်ဆို ဆိုနေရခြင်းများမှာ . . . စိတ်၏အလိုသို့ အရာအားလုံး စုရုံးလိုက်ပါနေရပါသည်ကိုလည်း သိစေလို၏။ ဥတု၏အဆိုးတွင်းသို့ သူ၊ ငါအားလုံး စုပြုံတိုးနေရပါသည်ကိုလည်း သိစေလို၏။ စိတ်ဖြင့် လူတို့ကို အကျဉ်းချ၍ ဥတုဖြင့် လူတို့ကို ညှဉ်းနေပါသည်ကိုလည်း သိစေလို၏။

ထိုသိစေခြင်းများသည် . . . စိတ်ဖြစ်လေ ဝင်လေထွက်လေများဖြင့် ကိုယ်ကိုလှုပ်၍ အလုပ်လုပ်စေသည် ဖြစ်စေ၊ စိတ်ဖြစ်စျာန် ဝိတက် ဝိစာရများဖြင့် နှုတ်ကိုလှုပ်၍ အလုပ် လုပ်စေသည်ဖြစ်စေ။ စိတ်ဖြစ်ဝေဒနာ သညာတို့ဖြင့် စိတ်ကို တို့လှုပ်၊



အလုပ် လုပ်စေသည်ဖြစ်စေ၊ လူတစ်ဦးစီ၏ ထိုအလုပ်သုံးမျိုးစလုံး ဥတုကြား တအားပြေး ကံကြားငါးမွေး သင်္ခါရတို့၏သံပတ်ပေး အတိုင်းလျှင် ပြုလုပ်၊ ပြောဆို၊ ကြံစည်လိုခြင်းများ ဖြစ်ပွားနေရပါသည်ကို ညွှန်းဆိုခြင်းပင်တည်း။

**ကာယသင်္ခါ သက်ဝင်ရာ လေမှာထွက်ဝင်ကြောင့်။**
**ဝစီသင်္ခါ ထုတ်လွှင့်ရာ ဝိစာဝိတက်ကြောင့်။**
**မနောသင်္ခါ စိတ်ဖြစ်လာ ဝေဒနာသညာကြောင့်။**

✦

## အပြုခံဘဝမှ လွတ်လိုသူများသို့ ...

သတ္တဝါသည် အပြုခံ။ သင်္ခါရသည် အပြုဖန်။ ထိုသို့ခံရသူနှင့် ပြုကျင့်သူဟူ၍ နှစ်မျိုးရှိချေရာ ခံရသူ မှန်သမျှ ပြုကျင့်သူ၏အလိုအတိုင်းသာ။ မလို မငြင်း၊ လိုမငြင်း စင်းခံပေးနေရပါမည်။

ဖန်သူသည် ခံသူ၏အလိုကျ မည်သို့မျှ မရစေနိုင်။ ဖန်သူ၌လည်း သူ့ကိုယ်ပိုင်ထား ဓမ္မတာသဘောများ အပေါ် မလွန်ဆန်နိုင်ခြင်းကြောင့်တည်း။

လယ်သမားများသည် ဥတုခိုး မိုးကိုမျှော်၏။ သို့သော် မိုးက မလာချေ။ မိုးသည်လည်း အခိုးပြည့်မှ လေသယ်မှသာ လာခွင့် ရှိသောကြောင့်တည်း။

လယ်သမားများသည် မိုးတိတ်စေလို၏။ သို့သော် မိုးကား မစဲပါချေ။ မိုးသည်လည်း အခိုးအားကောင်း၊ လေအားကောင်းက ပြောင်းမရသောကြောင့်တည်း။

သည့်ပမာလျှင် ဖန်သူနှင့်ခံသူ အလိုတူချည်းလည်း မဟုတ်။ ခံသူ ဖန်သူကို ပုတ်ထုတ်၍လည်း မဖြစ်။ စင်စစ် ဖန်သူ လာနေသမျှ ခံသူကား နာမြဲ နာနေမည်သာ။ အနာမခံလိုလျှင် ဖန်သူ့လက်မှ ထွက်ခဲ့ဖို့ပင်။

လောကကြီးထဲ၌ ပြုပြင်ဖန်တီးမှ လှုပ်ရှားခွင့်ရသော နေရာမျိုး ရှိနေဘိသို့၊ မပြုမပြင် မဖန်တီးဘဲ သဘာဝပြေ လှုပ်ရှားခွင့်ရ နေရာများလည်း ရှိသေး၏။ လှုပ်ရှားမှုသုဉ်း အငြိမ်းဓာတ် လုံးလုံးမျှသော နေရာလည်း ရှိနေသေး၏။ ထိုနေရာကား လွတ်လိုသူများအတွက် ထားသောနေရာတည်း။ သင်သည် ထိုနေရာသို့ ရောက်လိုပါလျှင် သင့်စိတ် သင် ပြန်လည် ပြုပြင်ပေးဖို့ပင်။

ရေကြောင့်ဖြစ်သော ရွှံ့ ပေကျံလျှင် ရေဖြင့်ပင် ပြန်လည် ဆေးကြောပေးပါ။ စိတ်ကြောင့်ဖြစ်သော သံသရာ ဝိုင်းရံနေလျှင်လည်း စိတ်ဖြင့်ပင် ခုန်ကျော်ထွက်ခဲ့ပါ။ သံသရာတို့ လက်တွင်း



သတ္တဝါ အသင်းဝင်အဖြစ် နေလိုစဉ်တုန်းကလည်း သံသရာ လေးမျိုးတို့ကိုလည်း စိတ်ကပင် ဦးဆောင်၊ ကံသုံးမျိုးတို့ကိုလည်း စိတ်ကပင်ဦးဆောင်ပြီး ထိုစိတ် နောက်တွင် . . .

**သဒ္ဓါ** - သည်လိုဖြစ်ခွင့်ရ သည်လောက်ဟန်ကျမည် ဟူသော ယုံကြည်ချက်။

**ဆန္ဒ** - သည်လိုနှင့် သည်လောက် လက်တွင်းရောက်စေ လိုသည့် အလိုအာသာ။

**ဝီရိယ** - စိတ်သွားရာနောက် တကောက်ကောက်လိုက်၍ ထောက်ပံ့နေသော လုံ့လ။

ဤသုံးမျိုးတို့က လိုက်လံထောက်ခံလျက်က သတ္တဝါဖြစ်ခွင့် ရခဲ့ကြ၏။

ယခု ထိုသံသရာတို့အကြောင်း ကောင်းကောင်းကြီး သိနေသဖြင့် ယင်းတို့လက်အောက်မှ ထွက်ပေါက်ရှာလိုရာ အခါတွင်လည်း ထိုစိတ်ဖြင့်ပင် (စွဲစိတ်ကို မှတ်စိတ်ဖြင့် ဖြိုလျက်က) ထွက်ပေါက်ရပြီး ထိုစိတ်နောက်မှာလည်း

**သဒ္ဓါ** - မိမိ၌ လွတ်မြောက်မှုအားထုတ်ရန် စိတ်ဓာတ် ရုပ်ဓာတ်အပြည့်ရှိနေသည်ကို ယုံနေခြင်း။

**ဆန္ဒ** - အချိန်အခါ နေရာမရွေး လွတ်မြောက်မည်ဆိုက အားထုတ်လိုမှု ဆန္ဒရှိနေခြင်း။

**ဝီရိယ** - ကြိုးစားရာ၌ တွေ့ကြုံရင်ဆိုင်ရသော အခက်



အခဲကို ရဲတင်းစွာထိုးဖောက်ခြင်း။

ဤသုံးမျိုးတို့ ထောက်ခံအားပေးမှသာ သတ္တဝါဖြစ်နှုန်းလည်း အဆုံးသတ်ခွင့်ရ၏။

✦

## သတိ၊ အသိ ဖဝါးနှစ်ဖက်မိမှသာ

အဝိဇ္ဇာနိုင်ငံသို့ သွားရာစီး ဖိနပ်သည်၊ ဝေဒနာနှင့် သညာ (သို့) ဝိပ္ပလ္လာသနှင့်အစွဲသိ။

ဝိဇ္ဇာနိုင်ငံသို့ သွားရာစီး ဖိနပ်သည် သတိနှင့်အသိ (သို့) သမာဓိနှင့်ပညာ။

လူတို့၏ နေ့တိုင်းသုံး လက်ကိုင်သုံး အားကိုးများကား ခံစားခြင်းနှင့် မှတ်သားခြင်းသညာ နှစ်ပါးပင်ဖြစ်ရာ ထို၏ နောက်တွင် အလွဲမိနှင့်အစွဲသိဟူသော ဝိပ္ပလ္လာသနှင့် ပညတ်သိ လောဘနှင့်သောကဟူသော လိုချင်ခြင်းနှင့် မရမှာ လက်လွတ်မှာကို စိုးရိမ်ခြင်းများလည်း ခြေရာထပ်၍ ကပ်လိုက်နေကြတော့၏။

သို့ကြောင့် အခွင့်ရလည်း စိတ်ချလက်ချမလာ ထိတ်ထိတ်နှင့်ပျာပျာ။ အခွင့်မလှလည်း စိတ်ချလက်ချမပါ ထိတ်ထိတ်နှင့် ပျာပျာ။

ထိုထိတ်ပျာ ပူမှောင့် စိတ်စနောင့် ဖြစ်နေစဉ်မှာ မီးပြင်းထိုး

ထားရာ ဖိုခွင်ထက်ရှိ မီးအိုးကင်းသည် ၎င်း၏ အပေါ် ရေစိမ်း တစ်ပေါက် တောက်ချလိုက်လည်း ဟိုက်ခနဲ ကုန်ခန်း သွားစေသည်ပမာ။ ၎င်းအပေါ် နှမ်းတစ်ဆုပ် ပေါက်ချလိုက်လည်း ဟိုက်ခနဲပူ လူးလိမ့်နေစေသည်ပမာ။

အစာအိမ်၊ ဝမ်းဗိုက်နှင့်တကွ ခန္ဓာကိုယ်အလုပ်လုပ်ရာ အတွင်းခင်း အားလုံးပင်လျှင် ပါစကနှင့်မျှော်၏။ အားကုန်တောက်လောင် နေတော့ရာ မည်သည့်အာရုံ ခံစားခံစား အားရသည် ဝသည်မရှိချေ။ ခဏမျှနေသော၊ ခဏတွင်း ချက်ချင်းဆာဖြင့် လာပါ ဝင်ပါ အော်ခေါ်နေရမြဲချည်းသာ။

ကောင်းသည် အထင်ဖြင့်လိုချင်၏။ ထိုအထင်ခံကား ကောင်းသည်လည်းရှိ၊ မကောင်းသည်လည်း ရှိ၏။ မိမိအားကိုးအားထားပြုရာ လောဘခေါ် လိုချင်ခြင်းကား အလျှင်းမကောင်း။ ထိုအလျှင်းမကောင်းနှင့် ပေါင်းမိခြင်းကြောင့်လည်း ကောင်းသည်ထင်သော အရာမှန်သမျှတို့သည်လည်း အလျှင်းကောင်း မလာပြီ။

အကယ်တိတိ သင်သည် ထိုအကောင်းထင်ကို အကောင်းဝင်အဖြစ် ဝင်စေလိုလျှင်၊ အကယ်တိတိ သင်သည် ထိုအကောင်းထင်မှ အကောင်းမြင်အဖြစ် မြင်စေလိုလျှင်၊ သင်ခံစားနေကျအာရုံတို့ကို ခံစားမြဲ ခံစားနေပါ။ သို့သော် လောဘ(သောက) အစား သတိ(အသိ)တို့ကို အစားထိုးပေးလိုက်ပါ။ ထိုအခါ



မကောင်းသည်ပင် အကောင်း ဖြစ်လာစေပါမည်။ ကောင်းပြီးကား ကောင်းထက်ကောင်းအဖြစ်ဖြင့် အသစ်ဆောင်း၍ လောင်းဖြည့်ပေးပါမည်။

ထိုသတိ(အသိ)သည် သညာကို တစ်တိတစ်တိစား၍ ပညာကို တအိတအိပွားစေပါလိမ့်မည်။ အထင်ကိုကျော်လွှား အမြင်သို့ အားထား ပေးနေခြင်းတည်း။

ထိုသတိ(အသိ)သည် နောက်ပြန်သွားကိုတား၍ ရှေ့တက်သွားကို အားဖြည့်ပေးပါလိမ့်မည်။ မျက်စိလည်ကို ကျော်လွှား မျက်စိကြည်ဖို့ အားစား ပေးနေခြင်းတည်း။

ထိုသတိ(အသိ)သည် အညစ်အကြေးများကို ဝါးမျို၍ အစစ်အမှန်များကိုကား ထားသိုပေးပါလိမ့်မည်။ ကိလေသာ မှန်သမျှကို ဖျက်ဆီး၊ အရှိအရှိအတိုင်း ထီးထီး ဖော်ပေးနေခြင်းတည်း။

ထိုသတိ(အသိ)၌ ကျင့်ရင်းကသိ သိရင်းက ကျင့်တတ်သော စရဏ ဝိဇ္ဇာ ဖဝါးထား နှစ်ဖြာ ရှိနေသောကြောင့်တည်း။ တည်ရာ ဝင်သိ၊ သိရာ ဝင်တည်နေသော သမာဓိ၊ ပညာ ဖဝါးထား နှစ်ဖြာ ရှိနေသောကြောင့်တည်း။

ထိုသို့သာ မှတ်ရာပေး အသိထင် ပြင်ဆက် အားဖြင့် သတိနှင့်အသိ စရဏနှင့်ဝိဇ္ဇာ သမာဓိနှင့်ပညာ ညီညာဘက်ထမ်း ဖဝါးလှမ်းတက် တစ်ခုနောက်တစ်ခု ဆက်မိနေပါသော် . . .



ကောင်းသောနေရာ သွားလိုပါ သော်လည်း သွားဖူးသော နေရာမျိုး မဟုတ်လေသဖြင့် သွားနေကျ မကောင်းကြားအကောင်းထား သွားနေသောထိုစိတ်၊ မပျက်သောနေရာ တက်နေလိုပါသော်လည်း တက်ဖူးသော နေရာမျိုး မဟုတ်လေသဖြင့် တက်နေကျ အပျက်ကြား လက်ပေး ထားရသော ထိုစိတ်၊ အစသော် ဟုတ်မှဟုတ်ပါ့မလား တထိတ်ထိတ်ဖြင့်၊ စွဲမိသော် အဟုတ်မှအဟုတ်၊ မလှုပ်မရွ စိတ်ချ လက်ချဖြင့်၊ အရှိန်ရှိန် အတည့်တိုးမိသွားသော် ဒါမှအစစ် တစ်ထစ်ချ ကိုယ်ပိုင်အယုံဖြင့် ကိုယ့်ဂုဏ် ကိုယ်တင် ကိုယ်ပင်လျှင်ဘုရား၊ ကိုယ်ပင်လျှင် တရား၊ ကိုယ်ပင်လျှင် သံဃာအား အလားပြချေပြီ။

ငါးစွဲညစ် အမြစ်နှုတ်ချွတ်လိုက်ရာမှ တစ်နွယ်ငင် တစ်စင်ပါ အားဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ၊ ဣဿာ၊ မစ္ဆရိယများပါ လက်စတုံးတည်း။

သူစွဲအညစ် အမြစ်နှုတ်ချွတ်လိုက်ရာမှလည်း ကာမ၊ ရာဂ၊ ဗျာပါဒ ဟူသော ကာမအာရုံ သူ့ပုံ၌စုံမက်ခြင်း၊ မရ အမျက်ထားခြင်းများ လက်စတုံးတည်း။

ဘဝစွဲအညစ် အမြစ်နှုတ်ချွတ်လိုက်ရာမှလည်း ဘဝ၊ ရာဂနှင့်တကွ ကျန်နေသေးသော အဝိဇ္ဇာ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဒစ္စ၊ ကုက္ကုစ္စများပါ လက်စတုံးတည်း။

ထိုသို့ လက်စတုံးစေရာ၌ သတိကို ရှေ့သွားပြုလျက်က

သမာဓိဉာဏ်နှင့်တကွ ပညာဉာဏ်၏ ဝိပဿနာဉာဏ် အောက်ဆင့်(ဉပစာပိုင်းအတွင်း)ထိ ဉာဏ်များကိုတိုးပွားစေ၏။ အမြင်အားလုံးတို့ကိုလည်း စင်ကြယ်သထက် စင်ကြယ်စေ၏။

တစ်ဖန် အသိကို ရှေ့သွားပြုလျက်ကလည်း အပ္ပနာစျာန်နှင့်တကွသောပညာဉာဏ်၏ ဝိပဿနာဉာဏ်အထက်ပိုင်း(သင်္ခါရုပက္ခာ အပ္ပနာပိုင်းအတွင်း)ထိ ဉာဏ်တိုးပွားစေပြီး အရှိသို့တည့်တည့်သိ အထိလည်း ထိုးဖောက်နိုင်၏။ စိတ်ရွှင်သွက်ခြင်း၊ တစ်ခဲနက်စည်းလုံးခြင်း၊ စိတ်တန်ခိုး စိတ်သတ္တိ အရှိန်အဟုန်မြင့်မားခြင်းကိုလည်း တိုးပွား စေ၏။

ထိုသတိ၊ အသိ ဘက်စုံဝင်လိုက်ခြင်းကြောင့်ကား အသက်မဲ့ သံ၊ သတ္တု၊ ရော်ဘာတို့ကို စည်းစနစ်ကျနစွာ စီမံကာတပ်ဆင်ပေးပြီး ၎င်းတို့အစားအစာ ဆီ၊ ရေ၊ လေ၊ ဝိုင် (ဓာတ်ဆီသွင်း၊ ရေထည့်၊ လေလှောင်၊ စက်ဆီညှပ်)လေးမျိုးတို့ အစာကျွေး၍ စက်နှိုးပေးလိုက်သောအခါ အသက်မဲ့က အသက်ရှိပမာသွားလာလှုပ်ရှားပေးနေပါသည်။ ပြေးလိုပြေး နှေးလိုနှေး ပတ်လိုပတ်၊ ရပ်လိုရပ် ဇာတ်စုံ ခင်းပြနေပါသည်။

သည့်ပမာလျှင် ဓာတ်လေးပါးတို့ဖြင့် တည်ဆောက်ထားရာ ဤရုပ်ကိုယ်ကြီးကို ကံ၊ စိတ်၊ ဉတု၊ အာဟာရလေးမျိုးတို့အစာကျွေး၍ အသက်သွင်းပေးလိုက်ရာ အခါတွင်လည်း ကိုယ်ခန္ဓာသည် ကားတစ်စီးပမာ လိုရာရာဆက် အသက်ရှင်စေပါ



သည်။ နာမ်ခန္ဓာကား ကားသမားပမာ ဓာတ်လေးပါးတို့အတိုးမနောအိမ်နှလုံးသွေးနှိုးရာမှ ထတဲ့ကာ စေလိုရာစေ၊ ကိုယ်ခန္ဓာကိုအမိန့်ပေးနေပါသည်။

၎င်းတို့အတွဲ နေ့ကြည့် ကြည့်သော် အထင်လွဲစရာ။ ညကြည့် ကြည့်မှ စပ်တူရှိ အတည့်သိသည့်ပမာ။ လူတို့၏နေ့၌နေခြင်းသည် အရှင်ဘဝ၊ ည၌နေခြင်းကား အသေသည် အသေသာ။ ကိုယ်၌အသိမကပ်၊ အသိကလည်း ကိုယ်မလှုပ်သဖြင့်သူမနိုး။ သို့ကြောင့် နေ့ခင်းအလုပ် ဝေပုံကျ စပ်တူခွဲပြီး ကိုယ့်အိမ်ကိုယ်ပြန်သူ နှစ်ဦးပမာ။ ကားနှင့်လူ နေ့ကား အတူတူ အလုပ်ဆင်း၊ အပေးအယူ မကင်း ဖြစ်နေသော်လည်း ည၌ကား ကားကဂိုဒေါင်၊ လူကား အိမ်ပေါ်တက် အတွဲဖျက်ရာမှ အသက်ကင်းသွားကြသည်ပမာ။

သည့်အတူသာလျှင် ကိုယ်နှင့်စိတ်တို့ အပြန်အလှန်တွဲစပ်ထားရာ ဤကိုယ်ခန္ဓာကြီးသည်လည်း အဝိဇ္ဇာသိ သညာသိဖြင့်ပြင်ပကြည့် ကြည့်၍ ပြင်ပသိမျှ သိခွင့်ရစဉ်တုန်းကကား နေ့ကြည့်ပမာ၊ အတူသွား အတူလာ အသက်ရှင်လျက်သာဖြင့် အနှစ်ပြည့်အကျိုးပြီး တကယ့်တန်ခိုးရှင်ကြီး ထင်ခဲ့ရသော်လည်း၊ ဝိဇ္ဇာသိသညာသိ ဤသတိ အသိတို့ဖြင့် အတွင်းဖောက်ကြည့် ကြည့်၍အတွင်းသိ အစင်းသိ သိခွင့်ရ ယခုအခါ၌ကား ညကြည့်ပမာရုပ်နှင့်နာမ် တကွဲတပြား အသေကောင်အလားဖြင့် အချည်းနှီး



အကျိုးမဲ့ အစွဲပါ တဏှာ ဉပါဒါန်တို့၏ အချဲ့မျှဟူ၍ တပ်အပ်သွင်ပြင်ထင်မြင်လာတော့ရာ . . .

လူဆိုလည်း တုစ္ဆ သုညသဘော၊ ငါ့လာမပြောနှင့်တော့။

နတ်ဆိုလည်း တုစ္ဆ သုညသဘော၊ ငါ့လာမပြောနှင့်တော့။

ဗြဟ္မာမင်းကြီးဆိုလည်း တုစ္ဆ သုညသဘော၊ ငါ့လာမပြောနှင့်တော့။ ထိုသို့ မနှင်သော်လည်း နှင်လိုက်လေဘိသို့ မိမိကိုယ်ကိုကြည့် ဘာမျှအနှစ်အသားလည်းမရှိ။ အားကိုးစရာလည်းမရှိကို ထိထိမိမိ တည့်တည့်ပိုင်ပိုင်ကြီး ကြည့်ခွင့်သိခွင့် မြင်ခွင့်ရလာစေပြီး မိမိ အခင်မင်ဆုံးကလည်း အနှစ်အသားမရှိ၊ သူ့၌လည်း အားကိုးစရာမရှိဟူသော အမြင်ဖြင့် အစွဲဖျင် အနှင်ခင်ပြတ်တောက်ပြီ။

ထိုမှထောက်လျက်က တစ်လောကလုံးကိုလည်းကောင်း၊ မိမိ၏ ဘဝရှေ့နောက်များကိုလည်းကောင်း၊ ဆက်လက်ကြည့်လေရာတိုင်းတို့၌ပင် အနှစ်အသားလည်းမရှိ၊ အားကိုးစရာလည်းမရှိ ဟူသော မရှိ မရှိ မရှိ တို့ကိုချည်းသာ အဖြေထုတ်နေတော့ရာထိုလူသား လောကအဆုံး မသွားခြင်းဖြင့် ဆုံးနေပြီ။ ထိုလူသားဒုက္ခအဆုံး မလုပ်ခြင်းဖြင့် ဆုံးနေပြီ။

မဆုံးခြင်းသည် အဆုံးထိ မသိ၍တည်း။

ဆုံးခြင်းသည် အစမိ မရှိတော့၍တည်း။

✦

## လွတ်လိုသူများအတွက် ထွက်လက်မှတ်များ

ပြုပြင်ခံဘဝမှ ပြုပြင်သူလွတ်ရာသို့ သွားလိုသူသည် ကံသင်္ခါရ စိတ်သင်္ခါရများကို ဈာန်သင်္ခါရ ဉာဏ်သင်္ခါရများဖြင့် ဦးစွာလွှမ်းမိုးထားနိုင်ရမည်။ ကြိုက်၊ မကြိုက်ဖန် ဉာဏ်နီနှင့် ဉာဏ်နက်များကိုလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်များဖြင့် အပြီးတိုင် လွှမ်းမိုးနိုင်ရမည်။

ထိုသို့ လွှမ်းမိုးဖွဲ့ချုပ် အနိုင်ယူလိုပါလျှင် **အဋ္ဌင်္ဂီ** ခေါ် မဂ္ဂင်တရားကိုယ်ရှစ်ပါး ယာဉ်ကိုလည်း တက်စီးနေရမည်။ **ပဉ္စင်္ဂီ** ခေါ် ဈာန်၊ ဗိုလ်၊ ဣန္ဒြေ (၅)ပါးစီတို့ကိုလည်း (လက်မှတ်ပမာ) ရင်းနှီးစွာ ပေါင်းသင်းထားရမည်။ **သတ္တင်္ဂီ** ခေါ် ဉာဏ်အဆင့်ဆင့် လမ်းမှန်ပွင့်စေသော ဗောဇ္ဈင်(၇)ပါးတို့ကိုလည်း (လမ်းညွှန်းပမာ) အပါခေါ်ထားရမည်။

ထိုအားလုံးတို့ အဆင်သင့်ဖြစ်သည်နှင့် မိမိ၏စိတ် တပိုတပါးသို့ အပေါင်းဖော်တွေး အသစ်နောက် လိုက်ပြေးခြင်း အလျှင်းမရှိစေရန်။ သင်ကိုယ်တိုင် သူတကာတို့နှင့် ရောနှော စကားမပြောမိပါစေရန်။ သင်ကိုယ်တိုင် စိတ်ဆွဲရာ မျက်နှာလှည့် တောင်တောင်အီအီ မကြည့်မိပါစေရန်။ တစ်ချက်ကလေးမျှ မမေ့စေသောသတိဖြင့် ညဥ့်နေ့မစောင့် တစ်ဖြောင့်တည်း



အားထုတ်နိုင်ပါစေ။ တစ်ချက်ကလေးမျှ မမေ့စေသော သတိဖြင့် လူ့အသွင် အပြင် အရှိ လူစဉ်မီ အသိလုပ်၍ အားထုတ်နိုင်ပါစေ။

ထိုသို့သာ သူ့ကိုမလှည့် ကိုယ့်ကိုချည်း စိတ်မဲတင်းကြည့်နေနိုင်သော် သတိဖြင့်ကြည့်သာကြည့်၊ အသိကား အကြည့်နောက်မှာ အမြဲပါပြီးသားပင်။ သတိဖြင့်ကြည့်သော အကြည့်ကား သင့်တာဝန်။ ခန္ဓာ့သဘာဝပြသော အပြကိုသိခြင်းကား အသိတာဝန်။

ပွဲကြည့်ရာဝယ် ပွဲကြည့်သမား၏တာဝန်ကား ဇာတ်ခုံနှင့် မျက်ခွက် အတည့်ထားပေးဖို့တာဝန်။ ပွဲပြသမား၏တာဝန်ကား ဇာတ်လမ်းအရှိ ဇာတ်ကွက်မိမိ ပြရန်တာဝန်။

ထိုသို့ သူ့တာ ကိုယ့်တာ ရှိလေရာတွင် အကြည့်သမားဖြစ်သူ သင်၏မျက်လုံးအိမ်နားဝယ် ကပ်ခိုလျက်က သိသိပေးနေသော အသိသည် အပြဘက်က မင်းသမီးလေး ထွက်ကပြနေသည်။ အကြည့်ဘက်က မျက်လုံးကလည်း မလွတ်တမ်းဖမ်းကြည့်နေပြီ။ အကြည့်နောက်က အမြဲရှိနေသော အသိကလည်း ထိုမင်းသမီး၏ ဟန်ရေး အသံရေးကိုလည်းကောင်း၊ အဝတ်အစား တန်ဆာဒွါဒရာနှင့် ကိုယ်ခန္ဓာ အပိန်အဝ အရှည်အကွကိုလည်းကောင်း တစ်ခါတည်း သိပေးနေချေပြီ။

ထိုအသိသည် သင့်အမေးကိုလည်း စောင့်နေလိမ့်မည်မဟုတ်။ သင့်နောက်ကိုလည်း ချန်နေရစ်လိမ့်မည်မဟုတ်။



သည့်ပမာလျှင် သင်ကြည့်လေရာ သင့်ခန္ဓာ သင့်ရှုကွက်တွင်းက ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်များကို အစသော် ကလေးသိ၊ အားကောင်းလာသော် လူကြီးသိ၊ ထို့ထက် အားကောင်းလာသော် ပညာရှင်အသိဖြင့် တည့်တည့် သိပေးနေလိမ့်မည်။

ဤ၌ ဉာဏ်စဉ်အဆင့်များနှင့် တက်ပုံတို့ကိုကား နောက်နောက်က ရေးခဲ့ပြီးများ ရှိပြီးဖြစ်နေသဖြင့် ရေးမပြတော့ပြီ။

တစ်ဖန် သင့်ခန္ဓာအရှိ သင့်ကိုယ်ပိုင်ဉာဏ်ဖြင့် လှန်ကြည့်ကြည့်ရာ၌ ထန်းလျက်ကို စား၍ မှတ်၊ ချိုသည်ကလွဲ၍ ဘာမျှတွေ့သိလိမ့်မည် မဟုတ်။ အချိုမှ အချို၊ အချိုမှအချို သူ့နဂိုသူ့အလိုလို ပြနေမည်သာ။ ငရုပ်သီး စား၍ မှတ်၊ ပူစပ်သည်ကလွဲ၍ ဘာမျှတွေ့သိလိမ့်မည်မဟုတ်။ အစပ်မှအစပ်၊ အစပ်မှအစပ် သူ့နဂို သူ့ဇာတ် မပြတ်ပြနေမည်သာ။

ဤချိုခြင်း၊ စပ်ခြင်းသည်ပင်. . . သူ့သဘော သူပြ၊ သူ့သတ္တိ သူလုစ်ဟ နေသောကြောင့် ဓမ္မ။ မည်သူ့ကိုမျှ မျက်နှာမလိုက်၊ အားရှိသလောက် တိုက်နေမည်သာ ဖြစ်ခြင်းကြောင့် ဓမ္မ။

ထိုချိုခြင်း စပ်ခြင်းကိုလျှင် အချိုနှင့်အမှတ် စပ်နေအောင် ဟပ်ပေးထားပါလျှင်၊ အစပ်နှင့်အမှတ် စပ်နေအောင် ဟပ်ပေးထားပါလျှင်၊ အချိုမှသည် ချိုပုံချိုနည်းသို့ အသိက ပို့ပေးမည်ဧကန်တည်း။ အစပ်မှသည် စပ်ပုံစပ်နည်းသို့ အသိကတွန်းပို့မည်

ဧကေန်တည်း။

ထိုသို့ အချိုမှ ချိုပုံချိုနည်း၊ အစပ်မှ စပ်ပုံစပ်နည်းအထိ သတိ အသိတို့ ဝင်ခွင့်ရသွားလျှင်ပင် မှတ်ဉာဏ်တက်လာပြီ။ ဖြစ်၊ ပျက် မြင်ပြီ။ ထိုမျှ ခရီးရောက်လာသူ နောက်မဆုတ်ချင်တော့။ သမာဓိအရိပ် ခိုလှုံခွင့်ရရုံလေးနှင့် ကိလေတိတ်ဆိတ် စိတ်တိတ်ဆိတ်မှု အရသာ ခံစားရခြင်းကပင် ကာမအာရုံ ခိုလှုံရသည်ထက် အပုံကြီး ကောင်းနေသောကြောင့်တည်း။

သည့်ထက်မက အားထုတ်လိုက်ရလျှင် ကိုယ်ပိုင်သဒ္ဓါ ထက်လာပြီ။ ဆန္ဒ၊ ဝီရိယနှင့် နောက်ပါအားလုံး မနေသာကြတော့ပြီ။

✦

## သင်္ခါရတွေ လက်လွှတ်လိုက်ကြစို့

ကိုယ်ကို အသက်သွင်းပေးရာ၏ ကိရိယာကား ထွက်၊ဝင်လေ နှစ်ပါးတည်း။ နှုတ်ကို အသက်သွင်းပေးရာ၏ ကိရိယာကား ဝိတက်၊ ဝိစာရ နှစ်ပါးတည်း။ စိတ်ကို အသက်သွင်းပေးရာ၏ ကိရိယာကား ဝေဒနာ၊ သညာ နှစ်ပါးတည်း။

ဤသို့လျှင် အထက်က ဆိုခဲ့ပြီးပြီ။ ယခု ထိုအရာများမှ လွတ်ရာသို့ ကိုယ်၊ နှုတ်၊ စိတ်တို့ကို သွားရောက်ထားဖို့ လိုလာပြီ။



ကံကို ဖျက်ဆီးရာ၌ နီဝရဏငါးပါး ကိလေသာတရားကိုယ်များသည် အလွန်ထိရောက်သော လက်နက်များပင် ဖြစ်ချေ၏။

ကံကို ပြုပြင်ပေးရာ၌လည်း ဈာနင်ငါးပါး ဗောဓိပက္ခိယတရားများသည် အလွန်လျှင် ထိရောက်နိုင်နင်းလှသော လက်နက်ကောင်းများပင် ဖြစ်ချေ၏။

ဈာနင်တို့က ထိုကံကို ပြုပြင်ပေးလိုက်လျှင် စိတ်ကိုလည်းကောင်း၊ ဥတုနှင့်အာဟာရများကိုလည်းကောင်း အားလုံးလည်း ပြုပြင်ပေးပြီးသားပင် ဖြစ်ပေလိမ့်မည်။

အရိယာပေါသော တိုင်းပြည်နှင့်နေရာ အစာရေစာ မခေါင်းပါး၊ ဥတုလည်း မဖောက်ပြား။ အရိယာတစ်ပါးမျှရှိလျှင်ပင် ထိုနေရာဒေသတစ်ခုအတွင်း ကပ်သုံးပါးမှလွတ်ကင်း။

ထိုသို့ ဆိုးကံ ကောင်းကံထားများကို ဈာန်ဖြင့်ထိုးလှန် ဉာဏ်ဖြင့်ဖျက်ဆီး သင်္ခါရအဆောက်အဦကြီးပါ ပျက်စီးစေရာ၌၊ ဦးစွာ ဆိုးကံ၊ ဆိုးစိတ်တို့ဖြင့် ရှုနေသော အသက်ကို သတိ အသိတို့ဖြင့် ထိန်းသိမ်းပေးကာ ဈာန်၊ မဂ္ဂင်၊ ဗိုလ်၊ ဗောဇ္ဈင်တို့ဖြင့် ပုံမှန်ရှူ အဖြစ်သို့ ပြောင်းလဲပေးရမည်။ အိပ်ပျော်သူတစ်ဦး၏ ရှူရှိုက်နေခြင်းများသည် ပုံမှန်ပင်တည်း။ သို့မဟုတ် သဘာဝ ဓာတ်သက် သူ့အလိုလို ဝင်ထွက်နေခြင်း။ ထိုသို့ ပြုပြင်ပေးခြင်းဖြင့် မိမိ၏စိတ် သူတစ်ပါးအာရုံတို့နှင့် တွဲချိတ်၍ တွေးစေခြင်း၊ ပြေးစေခြင်းများ တစ်စတစ်စ ပြင်းရာမှမျှဉ်း၊ မျှဉ်းရာမှ



ကင်းရှင်းသွားစေမည်။

သို့တစေလည်း သင့်ဘက်က သဒ္ဓါမပြင်း၊ ယုံကြည်ချက် လက်ကြောမတင်းကလည်း ထိုသို့ဖြစ်မလာစေ။ သင့်ဘက်က ဆန္ဒမတင်း၊ ကြိုးစားလိုခြင်း ဇက်ကြော မတင်းကလည်း ထိုသို့ ဖြစ်မလာစေ။ သင့်ဘက်က ဝီရိယကင်း ရဲတင်းစိတ် ချက်ကြော မတင်းကလည်း ထိုသို့ ဖြစ်မလာစေ။

စင်စစ် ထိုသုံးပါးတို့သည် သက်ရှိသောနေရာမျိုးတို့၌ ပြိုင်ပွဲထိပ်တိုက် မိမိဘက် နန်းသိမ်းပိုက်လေရာတိုင်း မပါမဖြစ်သော ရှေ့တန်းတိုက်စစ်မှူးများပင်ဖြစ်ရာ ထိုသုံးမျိုးမပါကရည်းစားထားရာမှာပင် အဆင်မပြေတတ်။

ထိုသုံးပါးတို့တွင် ဦးစီးသည် သဒ္ဓါတည်း။

ထိုသဒ္ဓါသည် တိုက်ပွဲမဝင်မီ စစ်သားစုဆောင်းရေးမှ တပ်မမှူးကြီးနေရာတွင် သူရှိပြီး၊ တိုက်ပွဲဝင်နေစဉ်ကာလတွင်ကား ထောက်ပို့တပ်မှူးကြီးအဖြစ် ပါဝင်မည်။ ထိုသဒ္ဓါ ထက်သန်လာရန် အရေးကြီးသည်။ အယုံကဲမှ အရဲပိုသည်။ အယုံသွင်းမှ ချဉ်ခြင်းခိုမည် မဟုတ်လော။

ထိုသဒ္ဓါထက်သန်လာစေရန်မှာ ကိုယ့်သတ္တိ ကိုယ်ယုံလာစေရန်လည်းကောင်း၊ ကျင့်နည်းခေါ် လက်နက်အပေါ် ယုံလာစေရန်လည်းကောင်း၊ နည်းကိုင်ခေါ် ဆရာသမားအပေါ် ယုံလာစေရန်လည်းကောင်း ပစ္စဝေက္ခဏာ ဆင်ခြင်ဉာဏ် ဝင်ကူပေး

ရမည်။

ငါသည် စင်ကြယ်မြင့်မြတ်သော သာသနာမျိုးနှင့် ဆုံခွင့်ရနေသဖြင့် ငါ့ဘဝ အရတော်လေစွ။ ငါသည် အရိယာတို့ ကျင့်သုံးသောနည်းကို လက်ခံရရှိသဖြင့် ငါ့ဘဝ အရတော်လေစွ။ ငါသည် လမ်းမှန်ထိန်းကျောင်း ဆရာကောင်းကို အမှီရနေသဖြင့် ငါ့ဘဝ အရတော်လေစွ။ ဤသို့ စသည် သမ္မာဝိတက်များ ရှေ့ပြေးပွားထားစေသင့်သည်။

တစ်ဖန် ဘက်ရှိလျှင် ပြိုင်ပွဲဝင်ရမည်။ ပြိုင်ပွဲဆိုသည်နှင့် အနိုင်အရှုံး ပါစမြဲဖြစ်နေပြီ။ သို့ဖြစ်ရာ ယခုဘက်ကား ရန်အားဖြင့် ဖြစ်သော ဆန့်ကျင်ဘက်တည်း။ ယခု ပြိုင်ပွဲကား ဘက်ချင်းကပ်၍ အသေသတ်ရမည့်ပြိုင်ပွဲတည်း။ ယခု အရှုံးအနိုင်ကား သေဆုနှင့် ရှင်ဆုတည်း။

သို့ဆိုသော် သူသေလျှင်သေ၊ သူမသေ ကိုယ်သေရမည့်ပွဲ။ ကိုယ်က သူ့သတ်လျှင် သတ်။ ကိုယ်က သူ့မသတ်၊ သူက ကိုယ့်ပြန်သတ်မည့်ပွဲ ဖြစ်နေခြင်းကြောင့် . . . ငါသည် သတ်သူဘက်က နေမည်လော။ သို့တည်းမဟုတ် အသတ်ခံရရာဘက်က နေမည်လော။ ဤသို့ စသည် ဆန္ဒတည်၊ ဝီရိယတင်းစေသော စာရင်းကိုလည်း ဦးစွာ ရှင်းလင်း ခွဲဝေ ပေးထားသင့်ချေသည်။

ထိုသို့ ဆင်ခြင်ရာမှ သဒ္ဓါ စသည်များ ထက်သန်လာနေပြီ



ဖြစ်သော် ဥပဓိ ဝိဝေကခေါ် နိဗ္ဗာန်၏ဆိတ်ငြိမ်ခြင်းကို အလိုရှိသော သူတော်ကောင်းများသည် စိတ်ဆိတ်ငြိမ်မှ ရနိုင်သည့် သင်္ခါရတို့မှ ထွက်ရပ်ပေါက်ဖြစ်သော (သင်္ခါရမှထွက်၍ သင်္ခါရ မရှိရာသို့ ရပ်တည်နေနိုင်သောလမ်းသို့ ပေါက်ရောက်သွားခြင်း) နိဗ္ဗာန်သည် ထိုစိတ်မှပင် ရောက်ရာသည် ရရာသည် ဖြစ်သောကြောင့်တည်း။

တစ်ဖန် စိတ္တဝိဝေက ခေါ် စိတ်၏ဆိတ်ငြိမ်ခြင်းကို အလိုရှိပြန်သော သူတော်ကောင်းများသည်ကား ကိုယ်ဆိတ်ငြိမ်မှသာ ရနိုင်မည်။ ပူရာမှ ပျံ့လွင့်ကာထွက်ပြေးနေရသော စိတ်ကို တစ်ဖန် အအေးဖြင့် တည်ခြင်း ကြည်ခြင်း ဖြစ်စေလိုလျှင် ဘဝင်လေမသက် နှလုံးသွေးမပွက် ပြင်ပကိုယ်လည်း မလှုပ်ယှက် ထားပေးမှသာ ရနိုင်သောကြောင့်တည်း။

တစ်ဖန် ကာယဝိဝေက ခေါ် ကိုယ်ဆိတ်ငြိမ်ခြင်းကို အလိုရှိပြန်သော သူတော်ကောင်းများသည်ကား အာရုံပုံဖမ်း၍ မနောသို့ လှမ်း၍ လှမ်း၍ သတင်းပို့လေ့ရှိသော မျက်စိ စသည် တံခါးများကို လုံခြုံစွာပိတ်ဆို့ထားရခြင်း၊ ကိုယ်ခန္ဓာကြာကြာငြိမ်ဆိတ်စွာ ထားနိုင်သော ဣရိယာပုတ်မျိုးကို ရွေးသုံးပေးရခြင်း၊ အာရုံတို့ ကင်းစဲရာ အချိန်နေရာများဖြစ်လေသော တောတောင်၊ သစ်တစ်ပင်ရင်း၊ လူသူကင်းဆိတ်သော နေရာနှင့် အချိန်များကိုပါ စနစ်



တကျ ရွေးချယ်ထားပေးနိုင်မှသာ ရနိုင်သည်။

ကာယတံခါး ရုန်းရင်းဆန်ခတ်များနေသော် မနောအိမ် မငြိမ်သက်တော့သောကြောင့်တည်း။ မနောအိမ် မငြိမ်သက်၊ မနောအကြည်ဓာတ်ခွက်ပျက် ယွင်း သွားသောကြောင့်တည်း။ မနောတည် အကြည်ပျက် ဖြစ်ရိပ် ပျက်ရိပ်များ အရိပ်မထွက်တော့သောကြောင့်တည်း။

ဤဆိုခဲ့ပြီး ရှေ့ပြေးအခင်းအကျင်းခေါ် ပရိကံသည် သမထ ထူထောင်ရာ၌ဖြစ်စေ၊ သမထအောင်သဖြင့် ဝိပဿနာဘောင် ကူးဝင်ရာ၌ဖြစ်စေ မလုပ်မဖြစ် ဧကန္တလုပ်ရမည့် ပရိကံများပင် ဖြစ်ချေသည်။

သဘာဝတို့၏ သဘောကို ပေါလောပေါ်စေသည်အထိ ကြည့်ပိုင်ခွင့် သိပိုင်ခွင့်ရှိသော မနောကို သန့်ပြန့်စင်ကြယ်နေသည်အထိ ပြုပြင်ပေးတတ်မှသာ . . . ဉာဉ်၊ စရိုက်၊ ဝါသနာတို့အရ ပြုကျင့်နေသော ကံမှားကိုလည်း တားနိုင်၏။အပြော၌မငြိ သူ့သဘောအရှိကိုလည်း အရှိ အရှိအတိုင်း သိနိုင်၏။ ရုန်းရင်း ဆန်ခတ် မဟုတ်တော့သဖြင့် အမှုကျူးနှင့် အမှုကူးကိုလည်း လက်ပူးလက်ကြပ်မိနိုင်၏။

မည်သည့်အရာမဆို အပြောနှင့်သဘောပဲ၊ မနောထဲအတူ တွဲလျက်ချည်းရှိချေရာ . . . ထိုသို့ ပရိကံ အခြေတည် ပိုင်နိုင်သူ

မှသာ အပြောကိုကျော် သူ့သဘောသူ ပေါ်လွင်စွာကြည့်ပိုင်ခွင့် သိပိုင်ခွင့် ရှိပါသည်ဆိုသည်ကို ဤနေရာမှပင် ကြိုတင် သတိသမ္ပဇဉ် ဝင်ထားကြပါကုန်။ ။

✦

## သူတို့အလုပ်ဖြစ်နေကြပြီ ကြည့် ကြည့်

အသက်ရှူရာမှ ငယ်နိုင်ကိုင်၍ အပိုင်စစ်နေသူ၌ နှာသီးဝသည် အသိနှင့်စျာနင်များ စခန်းချရာ ဒေသဖြစ်ရမည်။ သတိသည် အသိနှင့် စျာနင်များအတွက် မှတ်ချက်ယူပေးရာ တာဝန်ခံဖြစ်ရမည်။ သဘောပေါ်လွင်လာမှုသည် ပညတ်ကို လက်လွတ်ပရမတ်သို့ ညွှတ်သော သက်သေခံဖြစ်စေရမည်။ သို့မဟုတ် ရှုကွက်၊ ရှုချက်၊ တွေ့သိချက်များ။

ထိုသို့ ခုံရုံးပြင် အမှုစီရင်နေသည်ပမာ အသင့်အနေသို့ထားပြီးလျှင်. . . ရှူသွင်း ခံလိုက်ရခြင်းကြောင့် လေဝင်လာပြီ။ ယင်းကို ပြင်ပနေ ကာယ ဝိညာဉ် ခေါ် ထိမှန်းသိက အချက်ပြလိုက်သည်။ ထိုအခါ အစွဲသိကလည်း သူသိနေကျအတိုင်း ဝင်မှန်းသိအဖြစ် လက်ခံလိုက်သည်။ ထိုအသိပေါ် ပိုးနေသော မှတ်ချက်ယူ သတိကလည်း ထိုအစွဲသိက ပြောထွက်ဆိုသော



အတိုင်းပင်လျှင် ဝင်သည်ဟူ၍ မှတ်ချက်တင်လိုက်ပြီ။

ထိုသို့ နှာဝနေ သတိက မှတ်ချက်တင်ပေးလိုက်သည်နှင့် အတွင်းနေ အောက်မေ့စိတ် သတိ(အမှတ်ရခြင်းသတိ)ကလည်း ဝင်ဘယ်လိုလဲဟူသော စူးစမ်းခြင်းဖြင့် ခေတ်ခွဲစမ်းသပ်ပေးကာ သညာသိပယ်၍ ပညာသိသို့ နယ်ကူးစေလိုက်သည်။ ထိုတွင် သမာဓိသိက္ခာ (စိတ်တည်ကြည်ခြင်း၊ တစ်ခုတည်းစိတ် ဖြစ်လာစေခြင်းများ၌ တာဝန်ခံအုပ်စု)ရှိ ဝီရိယမဂ္ဂင်သည် ကာယိကဝီရိယ(ပြင်ပအားစိုက်ဝီရိယ) နှင့် စေတသိကဝီရိယ (အတွင်းစိတ်စိုက်ဝီရိယ) ဟူ၍ နှစ်မျိုးပြားချေရာ သတိမဂ္ဂင်ကလည်း ပြင်ပမှတ်ချက်ပေးသတိနှင့် အတွင်းလေ့လာရေးသတိဟူ၍ပင် သတိနှင့်ဝီရိယ ဆက်တွဲတာဝန်ချရသည်။

ထိုစဉ် ပြင်ပနေ ဝင်-ဝင်သည် (ထွက်-ထွက်သည်) တာဝန်ယူ မှတ်ချက်ပေးနေရသော သတိက ပညတ်ကိုလည်း မြှုပ်ပေးသည်။ ကိလေသာကိုလည်း ကာကွယ်သည်။

တစ်ဖန် အတွင်းနေ ဝင်-ဘယ်လို (ထွက်-ဘယ်သို့) ပြန်လှန်အောက်မေ့ခြင်း သတိကလည်း ပရမတ်ကိုလည်း ဖော်ထုတ်ပေးသည်။ ကိုယ့်စိတ်ကိုလည်း အစိုးရစေသည်။

ထိုသတိနှစ်မျိုးကပင် စျာန်အားဖြင့် ဝိတက်၊ ဝိစာရ ပို့ချပေးမည်။ ထိုသတိနှစ်မျိုးကပင် ဉာဏ်အားဖြင့် အခြေခံဉာဏ်၊ အထက်ဉာဏ် ဖန်တီးမည်။



တစ်ဖန် ရှိုက်ထုတ်ခံလိုက်ရခြင်းကြောင့် လေပြန်ထွက်လာရပြီ။ ယင်းကိုလည်း ကာယဝိညာဉ်က ထိမှန်းသိဖြင့် အချက်ပြလိုက်သည်။ ထိုအခါ အစွဲသိလေးကလည်း သူသိနေကျအတိုင်း ထွက်မှန်းသိ သိလာသည်။ အပေါ်ပိုးသတိကလည်း ထွက်သည်ဟူ၍ပင် မှတ်ချက်ပေးလိုက်ပြီ။ အတွင်းနေ အနီးကပ်အောက်မေ့ခြင်း သတိကလည်း ထွက် ဘယ်သို့ ဆင်ခြင်စိတ်ဝင်ပေးလိုက်သည်။

ထိုသို့ သတိနှစ်ခု ရှုမှတ်မှု အောက်မေ့မှုဖြင့် တာဝန်ထမ်းဆောင်စဉ်၊ ဝီရိယတွင်လည်း ပြင်ပနေ ကာယအားစိုက်ဝီရိယသည် ရှုလိုစိတ် ဖြစ်ပေါ်လာသည်။ စိတ်ဖြင့် စီမံထားရာလေတည်း။ ထိုအခါ ဝီရိယက ကိုယ်အားစိုက်ထုတ် ရှူခြင်းအလုပ်လုပ်လိုက်ပြီ။

ထိုနှင့်အတူ အတွင်းထားဝီရိယကလည်း လေနှင့်နှာဝတွေ့ထိကြပါသည်ကို အနီးကပ်သုံးသပ်လေ့လာနေပါသော ပူးတွဲတာဝန်ခံ အောက်မေ့မှုသတိလေး ရှုကွက်နှင့်ကပ်မိ ထိမိနေစေရန် ဖိအားပေးနေပြီ။

ထိုသတိနှစ်မျိုးတို့၏ ထိုးဖောက်နိုင်အားကြောင့် လည်းကောင်း၊ ထိုဝီရိယနှစ်မျိုးတို့၏ အားပေးကူညီမှုကြောင့် လည်းကောင်း၊ စိတ်သည် တွေးချင်သော်မှလည်း မတွေးဖြစ်၊ ပြေးချင်သော်မှလည်း မပြေးဖြစ် ဖြစ်လာပြီး ကြာသော် မိမိခန္ဓာ

အကြောင်း စောင်းငဲ့လျက်က မကြည့်ချင်သော်လည်း ကြည့်ဖြစ်လာတော့သည်။ မသိချင်သော်လည်း သိဖြစ်လာတော့သည်။

အစသော် ဝင်သိ ထွက်သိမျှလောက်သာ သိခွင့်ရှိမည်။ စိတ်အထိုင်ကျလာသော် ဝင် အေးအေးသိ၊ ထွက် နွေးနွေးသိ တက်လာပြီ။ စိတ်အထိုင် ကြာလာသော် ဝင် အေးလှုပ်လှုပ်သိ၊ ထွက် နွေးလှုပ်လှုပ်သိ တိုးလာပြီ။ ထိုမျှအထိ မှတ်သိဘက်က အမှတ်တက်လာလေသောအခါ၊ ထိုမျှအထိ အစွဲသိဘက်က အစွဲပျက်သွားလေသောအခါ အရှုပြင်းခြင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်ခြင်းများ ပွဲစကလောက် မကြမ်းတမ်းပြီ။

ထိုမှတစ်ဆင့် သဲလွန်စ ရလာပြီဖြစ်သော အမှုဖော်ထုတ်ရေး တာဝန်ခံများ၏ စွမ်းဆောင်ချက်သည် တစ်ဖန် ဖြောင့်ချက်ရရာ၏ အခြေခံ ဖြစ်လာဘိသို့ လှုပ်ရှားမှု ဖြစ်ပျက်သိအထိ တိုးတက်လာသူ၏ ဆွဲဆောင်အားနှင့်မှတ်အား ကြောင့်ကြစိုက်အားနှင့်အောက်မေ့အားများသည်လည်း ထို့ထက်လည်း သိပ်သည်း၊ ထို့ထက်လည်း စေ့စပ်၊ အမှတ်ပေါ်အမှတ်ထပ်၍ အမှတ်မှ အမှတ်သို့ချည်း အပ်ကျမတ်ကျ ချပေးရာ၏ အုတ်မြစ်ဖြစ်စေရသည်။

ထိုသို့ ရှုကွက်နှင့်မှတ်စိတ် မချိန်းဘဲနှင့် ထိပ်တိုက်ချည်း တွေ့တွေ့လာနေသော် လှုပ်လှုပ်သိက ပီပြင် လှုပ်လှုပ်မြင်သို့ ဝင်ရောက်လာစေမည်။ အမှတ်တက်ရာမှ မှတ်ဉာဏ်ခေါ်



သမာဓိဉာဏ်ဘက် ထိုးတက်လာခြင်းတည်း။ သို့မဟုတ် အရောင်ထိုး၍ အရိပ်ကျလာခြင်း၊ မှန်ကြည့်၍ အရုပ်ပီလာခြင်းတည်း။

ထိုမျှအထိ သမာဓိဉာဏ် အမြင်မှန်လာသောအခါ၊ ထိုမျှအထိ ဉာဉ်၊ စရိုက် ငုတ် အရွက် မလှုပ်တော့သောအခါ ကိုယ်လှုပ်နှုတ်ဖွင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ အကျင့်များ စင်ကြယ်လာနေပြီ။ ကြံစည်တွေးတော မနောသင်္ခါရ အရောအနှောလည်း သွားလမ်းကြား အထားမခံရပြီ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိများ၏ စင်သန့်ခန်းများတည်း။

ထိုမှဆက်လက်၍ ထိုအမြင်ကိုစိုက်၊ ထိုအတွင်းထားဆက်နှိုက်လိုက်ပြီဆိုသော် အထိကလည်း အထိ၊ အသိကလည်း အသိ သူတို့သဘောထား သူတို့ပြောကြားနေသည်ပမာ၊ ရှုလိုခြင်းနှင့် ရှုခြင်း၊ ရှုလိုက်ပြီနှင့် သိပြီကလည်း အပြန်လှန်ထားစကားပြောနေသည်ပမာ၊ မှတ်ချက်ယူ ရှုကွက်တွင်းမှ ဘွင်းဘွင်းကြီး ပေါ်ထင်လာပါသည်။

ထိုဖြောင့်ချက်ကြောင့် ငါမရှိ သူမရှိ နာမ်နှင့်ရုပ်တို့သာ အပြန်အလှန်ဆက် အသက်ဖြစ်နေသည်။ လုပ်သမျှပျက် လုပ်ဒုက္ခသက်သက်ဖြစ်နေ၍ မမြဲ၊ မကောင်း၊ မပိုင်။ ဤအမြင်မှန်များလည်း ရစေပြီဖြစ်ရာ အယူစင်ကြယ် ကျင့်စဉ်ပါ စင်ကြယ်ပြီ။ ရှုလေရှိုက်လေတို့သည် အားစိုက်ရသည်မရှိ။ သူ့ပကတိ ဝင်ထွက်ပေးနေကြပြီ။



သူတစ်ပါးသို့ချိတ်၍ ကြိတ်ကြံခြင်း၊ ကြိတ်စီမံခြင်းများဖြစ်သော မိစ္ဆာဝိတက်ခေါ် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်သုံးမျိုး စိတ်သို့မတိုးလာတော့ရကား ဝိတက် ဝိစာရတို့လှုပ်မှ ငုတ်တုတ်ထထိုင် နီးရာကိုင်ရသော ဝစီအလုပ်ခေါ် နှုတ်ဖွင့်ခန်း တစ်ခန်း ရပ်သွားပြီ။ သို့မဟုတ် မိမိအလုပ် မိမိနှစ်သက်အားရ သဘောကျနေသော ပီတိက ဝိတက် ဝိစာရ ဈာန်အင်္ဂါကြမ်းများကို လွှမ်းမိုးကာ မြှုပ်ပစ်ထားခဲ့ ခြင်းတည်း။

ဤနေရာသည် ဝစီသင်္ခါရမှ လွတ်သောနေရာ။ သို့မဟုတ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ တို့နေရာ။

✦

## ငြိမ်းချမ်းရာမြေ၊ အပူမရှိ ဆူမရှိ

လူသားတိုင်း၏ အကောင်းကို ရှာဖွေနေခြင်းသည် အကောင်းစားချင်၍ပင်။ လူသားတိုင်း၏ငြိမ်းချမ်းရာ ရှာဖွေနေခြင်းကလည်း အချမ်းသာချင်၍ပင်။ လူသားတိုင်း (သတ္တဝါတိုင်း) တို့၏စိတ် ဤနေရာအိပ်၏။

ထိုစိတ် အိပ်လိုသောနေရာ ယခုရောက်နေပြီဖြစ်ရာ

အကောင်း သူများဘက်လိုက်လံ တောင်းနေရ၊ လက်စသတ်တော့ ငါ့ထဲ ရှိနေလေမှုကိုး။ အချမ်း သူများဘက်လိုက်စမ်း နေရ၊ လက်စသတ်တော့ ငါ့ထဲမှာ ရှိနှင့်နေမှုကိုး။

ဤသို့သော မှတ်ချက်ချ မျိုးတို့နှင့်အတူ ယုံကြည်ချက်သဒ္ဓါသည်လည်း ဆရာသမားတို့လက်မှ ကိုယ့်လက်သို့ သက်လာကာ ကိုယ်ပိုင်သဒ္ဓါ ဖြစ်လာနေချေပြီ။ သဒ္ဓါနိုးကြားရာမှ ခိုင်မြဲလာခြင်းတည်း။

ထိုနှင့်အတူ တကယ်လုပ် အဟုတ်ဖြစ်သည်ဟူသော ရဲတင်းသော ဆန္ဒ၊ ဝီရိယကူ သဒ္ဓါများကပါ ဆင့်ပွားထွက်ပေါ်၍ လာချေရာ အပျက်မှအပျက် အပျက်တို့ဘယ်မျှဆက်ဆက် လက်မရွံ့ပြီ။ မမြဲ၊ ဆင်းရဲ သဘောပဲ အဘယ်မျှ သရုပ်ကွဲကွဲ အစွဲမရှိပြီ။

သို့ကြောင့် ထိုလူသား ဝမ်းသာ ဝမ်းနည်း ဘဝင်လေဆူမီး ငြိမ်းသွားပြီ။ သို့ကြောင့် ထိုလူသား ချမ်းသာဆင်းရဲ စရိုက်သွေးခွဲမီးလည်း ငြိမ်းအေးသွားပြီ။ သို့ကြောင့် ထိုလူသား၏စိတ် ပူမှုဖြစ်သော ပျံ့တွေး လန့်ပြေးများလည်း ကင်းစဲသွားပြီ။

ထိုအခါ ကာယကို ပြုပြင်ရာ ဝင်ထွက်လေများမှာ ဝင်လေနှင့်ထွက်လေတို့၏သဘောမှာ ထောက်ကန်လေအမည်ရသော ဘဝင်လေ၏ မှုတ်ထုတ် စုပ်ယူတို့အတိုင်းသာ ဖြစ်ခွင့်ရှိ၏။ လူသားတို့ ထွက်သက် ဝင်သက်များဖြင့် အသက်ရှင်ရာ၌ ဘဝင်



လေခေါ် ကြွစ္ဆိသယ ဝမ်းအောင်းလေနှင့် ဇီရဏတေဇော ခေါ် ခန္ဓာကို အပူငွေ့ပေးကာ ရင့်ကျက်ခြင်းကိုဖြစ်စေသော အပူခိုး၊ ထိုနှစ်မျိုးတို့ပူးပေါင်းလျက်က စုပ်ယူ၊ မှုတ်ထုတ် အလုပ် လုပ်ပေးသောအတိုင်းသာ အသက်ရှင်ခွင့်ရကြ၏။

အကယ်တိတိ ဇီရဏတေဇော အပူခိုးကလည်း အားနည်းသွားပြီ။ ဖြန့်ဝေပေးနိုင်သည်အထိ အားမပြည့်တော့။ ဘဝင်လေခေါ် တွန်းကန်လေကလည်း အားနည်းသွားပြီ။ သယ်ပို့နိုင်သည်အထိ အားမရှိတော့။ သို့ကြောင့် စုပ်ယူရာမှ တစ်ဖန် မှုတ်ထုတ်အလုပ်၊ လုပ် မပေးနိုင်သော် ထိုလူသား ထွက်လေ အပြတ်နှင့် အသက်ရပ် အတူတူဖြင့် တစ်ဘဝ တစ်စခန်း ရပ်ရပြီ။

သည့်ပမာလျှင် . . . လူသား၏အနုသယအကြားရှိ စရိုက်အား၊ ဉာဉ်အားများ၏ အထိုးအပင့်တို့ကြောင့် အစွဲသိဝင်ခြင်း၊ ဘဝင်လေလှုပ်ခြင်း၊ နှလုံးသွေး မငြိမ်သက်ခြင်း၊ စိတ်ကလက်ခြင်းများနှင့်အတူ ဝင်လေ ထွက်လေများသည်လည်း အရှူအရှိုက်ပြင်းခြင်း၊ ရုန့်ရင်းကြမ်းတမ်းခြင်း၊ တိုခြင်း၊ ရှည်ခြင်း၊ ပျံ့ကဲ့ခြင်း ဖြစ်နေပါသည်ကို . . .။

တစ်ဖန် ပညာဘူမိအကြားရှိ စရိုက်နှိမ်၊ ဉာဉ်နှိမ်၊ သတိ၊ အသိ၊ ဈာန်အကွက်တို့ဖြင့် အကျင့်ဟောင်းဆိုမြုပ်၊ အကျင့်သစ်ပါလျှင် ပုတ်ထုတ်၊ ကိလေသာအဆိုးအယုတ် မှန်သမျှ မည်သို့မျှ စိတ်နှင့် အဖက်မလုပ်စေသောကြောင့် ဈာန်အင်္ဂါများ တစ်ဆင့်



တစ်ဆင့် မြင့်လာစေကာ . . .

**သမာဓိ** - မလှုပ်မယှက် မကလက်တော့သောစိတ်ဖြင့် နေနိုင်လာခြင်း။ **ဥပေက္ခာ** - အာရုံဝင်အလုပ် ကိုယ့်ကိစ္စမဟုတ်သဖြင့် အရေးမလုပ်တော့ခြင်း။ ဤဈာန်အင်္ဂါ နှစ်ပါးမျှသာ ရှိတော့သော ဤအဆင့်တွင်ကား အတွင်းကမှ ကန်မထုတ် ထွက်သက်လေလည်း အလုပ် မလုပ်ပြီ။ အတွင်းကမှ စုပ်မယူ ဝင်သက်လေလည်း နှာဝမပြုပြီ။ လေပူငြိမ်း၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းနေခြင်း၏သင်္ကေတများတည်း။

ဤနေရာသည်ကား ကာယ၊ သင်္ခါရမှ လွတ်သောနေရာတည်း။

✦

## ရုပ်၊ နာမ် မချုပ်သမျှ မနောအလုပ်က ပြီးစီးလိမ့်မည် မဟုတ်

သင်္ခါရုပေက္ခာဉာဏ် ရင့်ကျက်လာသလောက် ရှူလိုမှုဖြင့် ရှူပေးနေခြင်း၊ တစ်ဖန် ရှိုက်လိုမှုဖြင့် ရှိုက်ပေးနေခြင်းများ ရပ်ဆိုင်း သွားတော့ရာ. . . ပြင်ပမှတ်ချက်ယူ သတိ ထိုင်ခါစ ဆယ်ချက်မျှဖြင့် လက်လွှတ်၍ရပြီ။ ဤနေရာရောက်လျှင် အသိ ရှေ့သွား သတိနောက်ကူဖြင့် တာဝန်ပြောင်းကြရပြီ။ ပြီးခဲ့သော

အောက်ပိုင်းဉာဏ်များကလို သတိရှေ့သွား အသိ နောက်ထား မဟုတ်တော့ပြီ။ ကိလေသာဘေး ငြိမ်းအေးနေပြီး ဖြစ်၍ ကိလေသာထိန်း သတိအလုပ် ရုပ်သိမ်းသွားခြင်းတည်း။

သို့ကြောင့် ဝင်ထွက်လေများသည်လည်း . . . သုခုမဖြင့်... သူ့ဖာသာ ဝင် သူ့ဖာသာထွက်အားဖြင့်လည်းကောင်း၊ ရံတစ်ခါ အဝင်ရပ်၊ အထွက်ရပ် အတွင်းမှာ လှုပ်ခတ်ရုံလေးမျှဖြင့် လည်းကောင်း၊ ရံတစ်ခါ လှုပ်ခတ်မှန်းပင်မသိ၊ အလွန် သိမ်မွေ့သော ဝါဂွမ်း၏ အထိမျှလောက်ဖြင့်လည်းကောင်း ကျန်ရှိနေ တော့မည်။

ဤနေရာသည် ပညာခန်း၊ ကိုယ်ကြမ်း စိတ်ကြမ်းဖြင့် သွား မစမ်းနှင့်။ ဤနေရာသည် ဉာဏ်ချင်းပြိုင်၊ သူပိုင် ငါပိုင် သွားမကိုင် နှင့်။

အပ္ပနာသမာဓိ မလှုပ်မယှက် မကလက်တော့သောစိတ် ၏ တည်ကြည်မှု။

အပ္ပနာဇော - တစ်ခါလာလမ်းတစ်ကြောင်း၊ တစ်ခါလာ လမ်းတစ်ကြောင်းဖြင့် ပြောင်းလဲခြင်းမရှိတော့သော သိမှု။

ဤဂုဏ်များနှင့် ပြည့်ဝနေသော ဤဉာဏ်အဆင့်မျိုးတွင် ကြက်တည်ယောက်ျား၊ တံငါသည် ငါးမျှားပုံမျိုးသို့ အသိသည် တစ်ထိတည်းထိရာ၌ တစ်သိတည်းသိစေသော သိနည်းဖြင့် အတွင်းရှိ အတွင်းသိ သိသိနေရသည်။

ထိုသိအားအပေါ် ဖိအားခေါ်သော မပြတ်ကြောင့်ကြစိုက်



ထားခြင်း (အောက်မေ့သတိနှင့် သွားအတူ လာအတူ အတွင်း ဝီရိယ)များကလည်း အခြေပေး ပေးသလို တွန်းနှိုးပေးကာ တစ်ခါ လာ မဲပြာပုဆိုးသိမှ ဖြေလွှတ်ပေးနေရသည်။

ဖိအားကြောင့် သိအားတိုးတက်လာပါမူ ဤအမြင်သည် လမ်းမှန်၊ ဤလှုပ်ရှားခြင်းကလည်း လမ်းမှန်၊ ငါ့ဘက်က အားသန် ဖို့သာလိုသည်ဟူသော ယုံကြည်ချက် သို့မဟုတ် ယုံကြည်ရာ ရဲတင်း သိသမျှ မလွတ်တမ်း နှလုံးသွင်းပေးနေရသည်။

ထိုအခါ သမရိုးကျထက်ပိုသော လှုပ်ရှားမှု သွက်လက်ခြင်း တစ်မျိုး ထိုးဝင်လာမည်။ ထိုသွက်လက်ခြင်းကိုလည်း မလွတ်တမ်း နှလုံးသွင်းပေးနေရသည်။

ထိုသွက်လက်ခြင်းကလေးသည် သူ့အားပေးနေသော မလွတ်တမ်းအသိ မလွတ်တမ်းသောအဖြည့်ကြောင့် အားပြည့် သွားသောအခါ ရုပ်၊ နာမ်ရှိ သင်္ခတနယ်ပယ်မှ ရုပ်၊ နာမ်မဲ့ အသင်္ခတတွင်း ထိုးဆင်းသွားချေပြီ။ ထိုစဉ် မနောအလုပ်ပေးရာ ဝေဒနာအားလုံး ချုပ်ပျောက် သုဉ်းသွားပြီ။ ဝေဒနာသုဉ်းရာ နောက် သညာလည်း ပျောက်ခြင်းမလှပျောက်ရပြီ။

ဤနည်းဖြင့်ပင် ရှေးသူဟောင်းများ သင်္ခတမှ အသင်္ခတ ဘက် ပြောင်းသွားကြလေပြီ။ ဤနည်းဖြင့်ပင် ရှေးသူဟောင်းများ ဓမ္မရသ ဝိမုတ္တိရသ ခံစားပြသသွားကြပြီ။ သင်လည်းပဲ သူတို့လို လုပ်၊ သူတို့လိုပင် အဟုတ်ဖြစ်ဖို့ သေချာသည်။



ဤကား မနောသင်္ခါရမှ လွတ်သောနေရာတည်း။

**စိတ္တ သင်္ခါရ ဝေဒနာ၊ သညာစ သုဒ္ဓိယာဂတာ**
**သုခါဟိတာ ပဝမ္မုတိ၊ သင်္ခါရာ ယပိ ဝိမုတ္တိ။**

**စိတ္တ သင်္ခါရ ဝေဒနာ** - စိတ်အလုပ်ပေး ခံစားခြင်း ပြုလုပ်ပေး နေရခြင်းကိုလည်းကောင်း၊ **စိတ္တ သင်္ခါရ သညာစ** - စိတ်ပြုပြင်ရေး မှတ်သားမှု ပြုလုပ်ပေးနေရခြင်းကိုလည်း ကောင်း၊ **သုဒ္ဓိယာဂတာ** - သတိဖြင့်ဖယ် အသိဖြင့် ဖလှယ်ခြင်း ကြောင့် စင်ကြယ်သွားသော်၊ **သုခါစ** - လောကီသုခ လောကုတ္တ ရာသုခ ချမ်းသာရာရခြင်းများ ကလည်း၊ **ပဝမ္မုတိ** - တိုးလည်း တိုး ပွားလည်းပွား မကြိုးစားဘဲ ခံစားခွင့်ရစေပြီ။

**ဟိတာစ** - သူ့အကျိုးထား ကိုယ့်အကျိုးထား အကျိုးများ စေခြင်းများကလည်း၊ **ပဝမ္မုတိ** - တိုးလည်းတိုး ပွားလည်းပွား အအားအနားမထား ခံစားခွင့်ရစေပြီ။

**စ** - ထို့ထက်တိုး စကား ပြောကြားရန် ကျန်ပါသေး၏။

**သင်္ခါရာယစ** - ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးဌာနသော တီထွင်ရှင်တို့ လက်မှလည်းကောင်း၊ **သင်္ခါရာယစ** - ၎င်းတို့ လက်ဝေခံ မနော-ဝစီ-ကာယ သုံးဌာနသော အခိုင်းစေတို့ လက်မှလည်းကောင်း၊ **အပိ** - ဝေဒနာမဖြစ် သညာမလှစ်သဖြင့်

သုခစစ်စစ်ဖြစ်ရာ ဤချိန်ခါတွင် ကား. . .၊ **ဝိမုတ္တိ** - ကိလေသာ ဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တို့မှ အလွတ်လည်းဖြစ်နေပြီ။

ဤကား သင်္ခါရဝိမုတ္တိကထာ၏ ဆိုလိုချက်များတည်း။

**၁၃၆၂၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့၊**
**မောနေယျတော၊ စကား။**

✦

**ကျမ်းပေါင်းအားလုံး ကမ္ပတ်ဖုံး နိဂုံးချုပ်လိုက်ပြီ**

**လေခက္ခရေဟိ လီပိကံ အကာသိ နုရူပံ ဓမ္မံ**
**ယေနာကာရေန သောအဟံ မာပတ္တိ ကိတ္တိ**
**ယံ လာဘံ၊**
**န ဒက္ခာ နစ ဝါသနာ ပနတထာပိ ဗောဓါနံ**
**ဗောဓိယာ ပဂ္ဂဏှိ တုကာမော ဉာဏောပိ**
**ဝိကသိတု ဝေ**
**ယေ ပဿံ ဓမ္မံ ဝိဇ္ဈန္တု ပတ္ထယာမီတိ ဣမိနာ။**



**လေခက္ခရေဟိ**-မင်သက်အက္ခရာတို့ဖြင့်၊

**အနုရူပံ ဓမ္မံ**-တရားနှင့်အလိုက်သော၊ **လီပိကံ**-စာစုပေစုရေးရာမှုကို၊ **အကာသိ**-စိတ်တွေးလမ်းဖောက် မဖြစ်စလောက်ဖြင့် ကောက်ခါ ထောက်ရှု စုရင်းပြု ပြုရင်းစု ပြုခဲ့မိစုခဲ့မိပါချေပြီ။

**သောအဟံ**-စာစုပေစု ကျမ်းအဖြစ် ပြုစီရင်သော ထိုငါသည်၊ **ယေနအာကာရေန**-အကြင်ကျမ်းငယ် ကျမ်းစုစီရင်မှုအတတ်ဖြင့်၊ **ကိတ္တိံစ**-ထင်ပေါ်ကျော်ကြား လူသိများလိုခြင်းကိုလည်း၊ **မာပတ္တိ**-မတောင့်တခဲ့ဘူးသည်မှာ အမှန်ပါ။ **လာဘံစ**-ဘုန်းလာဘ်ပိုမို စိုပြေလိုခြင်းကိုလည်း၊ **မာပတ္တိ**-မမျှော်လင့်ရိုး အမှန်ပါ။

**စ**-နောက်တစ်ချက်မှာ၊ **သောအဟံ**-ထိုငါသည်၊ **ဒက္ခာဝါ**-စာပေရေးရာ ကျွမ်းနိုးလိမ္မာခြင်းကြောင့်လည်း၊ **န**-မဟုတ်။ **ဝါသနာ ယစ**-ရေးသားမှုဘက် ဝါသနာထက်လွန်း၍လည်း၊ **န**-မဟုတ်။

**ပနတထာပိ**-ထိုသို့ပင် ဟုတ်ဘူး ဟုတ်ဘူး ပြောင်လိမ်ဘူးသုံးနေပါသော်လည်း၊ **ဝေ**-အမှန်ဝန်ခံရပါမူ၊ **ဗောဓာနံ**-သိထိုက်သူ လူအပေါင်းတို့အား၊ **ဗောဓာနံ**-အသိပေးထိုက်နေသူ လူအပေါင်းတို့ကို၊ **ဗောဓိယာ**-သစ္စာဉာဏ်ဖြင့်၊ **ပဂ္ဂဏှိတုကာမော**-ကူထောက်ပံ့ကြို ချီးမြှောက်လို၍ လည်း



ကောင်း၊ **ဗောဓာနံ**-အသိပေးထိုက်သူ လူအပေါင်းတို့၏၊ **ဉာဏောပိ**-အသိဉာဏ်သည်လည်း၊ **ဝိကသိတုကာမော**-ပွင့်စေလို၍လည်းကောင်း၊ **လေခက္ခရေဟိ**-စာမျက်နှာထက် မင်အကျအစက်တို့ဖြင့်၊ **လီပိကံ**-ရေးသားမှုကို၊ **အကာသိ** - ပြုကျင့်မိခဲ့ပါပြီ။

**ဣမိနာ**-ထိုထိုကျမ်းစု ဤမည်သော ရေးသားမှုကြောင့်၊ **ဣမိနာ**-မှန်သည်ကိုကား ဝန်ခံ မမှန်သည်ကို ငြင်းဆန်ရခြင်းကြောင့်၊ **ဣမိနာ** -မှန်သောစကား အရှိအရှိအတိုင်း ပြောကြားရခြင်းကြောင့်၊ **သောအဟံ** -ထိုငါသည်၊ **ပတ္ထယာမိ**-ရလိုသောဆု သစ္စာပြု၍ တောင်းပါ၏။

**တံ**-ထို ငါတောင်းလိုရာဆုသည်ကား၊ **ယေ**-စာကိုလည်းဖတ် အမြတ်လည်းရှာ ဘာသာကိုလည်း ယုံကြည်ကြပါကုန်သော အကြင် ဘုရားသားတော် သမီးတော်အပေါင်းတို့သည်၊ **လီပိကံ**-စာကို၊ **ပဿံ** -ရှုကြည့်လျက်က၊ **ဓမ္မံပိ**-စာကပြောကြား သဘောတရားများကိုလည်း၊ **ဝိဇ္ဈန္တုတိ**-ကိုယ်ပိုင်ဉာဏ်သွင်း ရှင်းရှင်းလင်းဖြင့် ဘွင်းဘွင်းကြီးပေါက် ထိုးဖေါက်သိ သိကြပါစေကုန်ဟူ၍။

ငါတို့သည်ကား တောရပ်ကိုမှီ တောဝသီဖြင့် နေလေ့ရှိပါကုန်၏။ စာရေးရန်ဆန္ဒမရှိ။ ရေးနိုင်လောက်သော အင်အားလည်းမရှိ။ ရေးလည်းမရေးတတ်ခဲ့။ မရေးတတ်ပဲ ဘာကြောင့် ရေးသလဲ မေးစရာရှိ၏။

ဖြေရှင်းလိုသည်မှာ . . .

ငါတို့နှင့် ပတ်သက်စပ်ဆက်လျက်ရှိကြပါကုန်သော ဘုရားသားတော်သမီးတော်များ သူတော်ကောင်းအစားစားတို့သည် မြို့ကိုလည်းမဝင်၊ ရွာတွင်လည်း မကပ်။ ဟောပြောခြင်း ပြသခြင်းများကလည်း အလွန်ပြတ်လပ်။ သည်သို့သာ ကပ်ကလည်းမကပ် ပြတ်ကလည်းပြတ်ဖြင့် ရေးရာမမှု ဥပေက္ခာပြုထားချေသော် . .

ငါတို့သည်လည်း သာသနာ့ဝန် တာဝန်မကျေရာ ရောက်တော့မည်။ သူတို့သည်လည်း ပစ္စည်းသာထောက် အားကိုးသလောက် ခရီးမရောက် ရှိချေတော့မည်။

ဤအချက်များသည် မတတ်ရာက မတတ်စာဖြင့် (ကပ်လာသူများအား ရေးပေးရာအတိုင်း အဖတ်ခိုင်းနေသော) ကိုင်းနှင့်ကျွန်း လွှန်းပျံ၏အချက်များတည်း။

ထိုသို့ရေးသဖြင့် ခရီးသွားလာရာရှေ့ ခြေထိုးသဖွယ်ဖြစ်သော လူရှုပ်၊ လာဘ်ပေါ်၊ ကျော်ဇော၊ ခြွေရံ ဤလေးတန်တို့ကို ငါတို့သည် မတောင့်တမိ။

တောင့်တမိသည်မှာ ငါတို့ရေးသားပေးပို့ခဲ့သမျှ စာပေတို့ကို ဖတ်ကြားမိသူအားလုံး စာပေအက္ခရာများကို ဉာဏ်ဖြင့် ထိုးဖောက်၍ ထိုစာလုံးတို့နောက်ဝယ်ရှိ အယူအဆရေးရာ အဖြာဖြာတို့ကို သဘောပေါက်စေလိုခြင်းပင်။



စကားနောက်မှာတရားပါ ပါးလွှာဉာဏ်ဖြင့် ကြည့်တတ်သိတတ်ကြပါစေ . . .။

**မဟာဗောဓိမြိုင်ဆရာတော်**

**ဝနဝါသီဥ ယျာမဓမ္မသာမိထေရ်**



**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားစီရင်ထားသော ပုံနှိပ်ကျမ်းစာများကို အောက်ဖော်ပြပါ ဖြန့်ချိရေးဌာနများတွင် မှာယူပူဇော်နိုင်ပါသည်။**

၁။ မဟာမြိုင်စာပေပြန့်ပွားရေးအဖွဲ့၊ ဃ-၁၆၊ ၃၆လမ်း၊ ၆၄×၆၅လမ်းကြား၊ မဟာမြိုင်(၁)၊ မန္တလေးမြို့။ ၀၉-၂၀၃၈၈၅၀၊ ၀၉-၉၁၀၂၄၇၉၀၊ ၀၉-၉၁၀၂၆၁၀၀

၂။ ဥ ယျာမမ်စာပေ၊ သာစည်မြို့။ ၀၆၄-၆၉၀၉၉

၃။ ဥ ယျာမမ်စာပေ(၁)၊ ရန်ကုန်မြို့။ ၀၉-၄၄၈၀၁၉၇၃၉၊ ၀၉-၄၃၀၂၅၂၅၃

၄။ ဥ ယျာမမ်စာပေ(၂)၊ ရန်ကုန်မြို့။ ၀၁-၃၈၃၅၁၁ (၁၆၈)

၅။ ဥ ယျာမမ်စာပေ(၃)၊ မန္တလေးမြို့။ ၀၂-၈၀၆၀၁၊ ၀၉-၂၀၀၇၅၇၅

၆။ ဥ ယျာမဏ္ဍိုင်စာပေ၊ ပျဉ်းမနားမြို့။ ၀၉-၄၉၂၀၃၃၇၃

၇။ သာ-ဟိ-ကာအဖွဲ့၊ ရန်ကုန်မြို့။ ၀၁-၅၇၇၉၄၈၊ ၀၁-၅၇၉၆၂၇

၈။ ဦးအောင်မြတ်(သူရဇ္ဇမဂ္ဂဇင်း) ပညာရွှေတောင်စာအုပ်တိုက်၊ ရန်ကုန်မြို့။ ၀၉-၅၁၀၁၅၃၅

၉။ ဦးကျော်ညွန့်၊ ဒေါ်ခင်မာအေး (မဟာမြိုင်စာပေ)၊ မန္တလေးမြို့။ ၀၉-၂၂၁၀၂၆၅၊ ၀၂-၇၅၁၀၁

၁၀။ ဦးခင်မောင်ဝင်း၊ ဒေါ်မိုးစန္ဒီအောင် (မဟာမြိုင်စာပေ)၊ မန္တလေးမြို့။ ၀၉-၂၀၃၉၂၅၂၊ ၀၉-၂၀၁၁၄၉၄၊ ၀၂-၈၁၃၆၃

၁၁။ ဦးအေးမောင်၊ ဒေါ်အေးဝင်း(မဟာမြိုင်စာပေ)၊ မန္တလေးမြို့။ ၀၉-၂၀၂၅၄၁၄၊၀၂-၆၂၂၆၄

၁၂။ ဦးမြင့်ဆွေ၊ ဒေါ်ကြွယ်ကြွယ်မြ (နေလ)၊ (မဟာမြိုင်စာပေ)၊ မန္တလေးမြို့။ ၀၂-၇၂၄၅၃၊ ၀၉-၂၀၂၀၃၉၊ ၀၉-၉၁၀၁၂၈၇၇

၁၃။ ဒေါ်ခင်နွဲ့(ဓမ္မိကာရာမကျောင်းအနောက်ပေါက်)၊(မဟာမြိုင်စာပေ)၊ မန္တလေးမြို့။ ၀၂-၆၁၇၅၂

၁၄။ ဒေါ်အေးမြင့်သူ၊ ၂၄လမ်း၊ ၈၇×၈၈ကြား၊(မဟာမြိုင်စာပေ)၊ မန္တလေးမြို့။ ၀၉-၅၁၈၃၈၆၁၊ ၀၉-၂၀၁၄၃၅၉

၁၅။ ဆရာလေး ဒေါ်သုဓမ္မသိင်္ဂီ၊ အပ္ပမာဒရိပ်သာ၊ ပြင်ဦးလွင်မြို့။ ၀၉-၄၃၀၁၄၅၂၇

၁၆။ ဒေါက်တာဦးအိုကေ(၀၇၅-၂၁၃၇၁၊ ၀၉-၆၄၆၀၁၀၅)၊ ဦးလှသိန်း(၀၇၅-၂၁၄၆၀)၊ မဟာမြိုင်စာပေ၊ ရွှေဘိုမြို့။

၁၇။ ဒေါက်တာဦးလှထွန်းဝင်း (၀၉-၆၈၀၄၇၈၅၊ ၀၉-၄၇၀၆၀၇၉၆)၊ ဦးထွန်းဖေ (၀၉-၄၇၀၆၆၃၆၂)၊ မဟာမြိုင်စာပေ၊ နတ်တလူ+ဇီးကုန်း။

၁၈။ ကိုကုလား+မဆောင်း (စတားဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)၊ ကျောက်ကာလမ်း၊ ချမ်းမြသာစည်ရပ်၊ (မဟာမြိုင်စာပေ)၊ မုံရွာမြို့။ ၀၉-၂၁၃၁၀၇၄

၁၉။ ဦးသန်းရှိန် (အောင်နီဦးဗွီဒီယို) (မဟာမြိုင်စာပေ) တန့်ဆည်မြို့၊ ရေဦးမြို့။ ၀၇၅-၄၉၁၂၄

၂၀။ ကိုသန်းဆွေ၊ မချိုမာစန်း (မဟာမြိုင်စာပေ)၊ တွင်းငယ်။ ၀၉-၄၇၁၁၅၃၀၃

၂၁။ ကိုအောင်နိုင်ထွန်း (မဟာမြိုင်စာပေ)၊ မိုးမိတ်မြို့။ ၀၉-၄၀၃၇၂၃၁၈၃

၂၂။ ဦးရွှေ (မဟာမြိုင်စာပေ)၊ တောင်ကြီးမြို့။ ၀၉-၄၉၃၇၆၀၄၇၊ ၀၉-၅၂၂၈၁၂၃

၂၃။ ဦးစိုင်းနောင့် (မဟာမြိုင်စာပေ)၊ ကွန်ဟိန်းမြို့ (ရှမ်းပြည်အရှေ့ပိုင်း)၊ ၀၉-၄၉၃၇၆၃၄၄

✦